# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် ( ၈၆ )


### နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကိုဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## ရောဝတီတံတား (ရတနာပုံ)

**ရောဝတီတံတား( ရတနာပုံ )၏ ပင်မတံတားမှာ သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်၍ ချဉ်းကပ်တံတားများမှာ မန္တလေးဘက်ကမ်း၌ ပေ ၁၁၄၀၊ စစ်ကိုင်းဘက်ကမ်း၌ ပေ ၇၈၀ စီရှိပြီး သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းတံတားအမျိုးအစားဖြစ်၍ တံတား၏စုစုပေါင်းအရှည်မှာ ၅၆၁၄ ပေရှိ။**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရောဝတီတံတား(ရတနာပုံ) မန္တလေးဘက်ကမ်း ချဉ်းကပ်တံတားပေါ်၌ နိုင်လွန်ကတ္တရာခင်းပြီးစီးမှုနှင့် ပင်မတံတား၌ ကြမ်းခင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)





# ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရောဝတီတံတား( ရတနာပုံ ) တည်ဆောက်ပြီးစီးမှု ကြည့်ရှု ခိုင်ခံ့သပ်ရပ်မှုနှင့် လိုအပ်မှုများ စမ်းသပ်စစ်ဆေး၊ ပြုပြင်သင့်သည်များပြုပြင် တံတားကြီးဖြစ်ပေါ်မှုမှတ်တမ်း ပြည့်ပြည့်စုံစုံပြုစုရေး လမ်းညွှန်မှာကြား

**နေပြည်တော် ဒီဇင်ဘာ ၂၄**

မန္တလေးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် *စာမျက်နှာ ၃ ကော်လံ ၁* ■

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်)

# မြန်မာနိုင်ငံတွင် အဖြစ်များသည့် ရောဂါကြီးများ တိုင်းရင်းဆေးစွမ်းကောင်းများဖြင့် ဖော်ထုတ်ကုသ

ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာသည် အထူးအရေးပါလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်က တိုင်းရင်းဆေးပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး၊ တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်ရေးအားပေးဆောင်ရွက်လျက်ရှိသည်။

ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)သည် ဝမ်းကိုက်၊ ဝမ်းပျက်ဝမ်းလျှော၊ သွေးတိုး၊ ဆီးချို၊ ငှက်ဖျားနှင့် တီဘီစသည့် အဖြစ်များသော ရောဂါကြီးခြောက်မျိုးအပြင် အခြားရောဂါကြီးများဖြစ်သည့် ကင်ဆာရောဂါ၊ အေအိုင်ဒီအက်စ်ရောဂါ၊ နှလုံးရောဂါတို့ကို မြန်မာ့ဆေးစွမ်းကောင်းများဖြင့် စံချိန်စံညွှန်းများနှင့်အညီ ဖော်ထုတ်ကုသပေးနိုင်အောင် သုတေသနလုပ်ငန်းများကို ရည်မှန်းချက်ရှိရှိ လုပ်ကိုင်ဆောင်ရွက်နေသည်။

ထို့အပြင် ပရဆေးဉယျာဉ်ကို ထူထောင်ထားရှိ၍ ငှက်ဖျား၊ ဆီးချို၊ သွေးတိုး၊ တီဘီ၊ ဝမ်းကိုက်၊ ဝမ်းပျက် ဝမ်းလျှောစသည့် ရောဂါကြီးခြောက်မျိုးကို ကာကွယ်ကုသပေးနိုင်သည့် ပရဆေးပင်အမျိုးမျိုးကို စုဆောင်းစိုက်ပျိုးထားသည်။

အလားတူ ဆီးနှင့်ကျောက်ကပ်ရောဂါ၊ မီးယပ်နှင့်သားအိမ်ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သွေးအဆီကျရောဂါ၊ အဖုအကြိတ်ရောဂါ၊ အာရုံကြောရောဂါ၊ အရိုးအကြောရောဂါနှင့် အသည်းရောဂါစသည့် ရောဂါအမျိုးမျိုးကို ကာကွယ်ကုသနိုင်သော ပရဆေးပင်များကိုလည်း စိုက်ပျိုးထားရာ ပရဆေးပင်အမျိုးပေါင်း ၄၁၂ မျိုးရှိသည်။

ပြည်သူလူထု၏ ကျန်းမာရေးအတွက် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ပြင်ဦးလွင် ဆေးဝါးစက်ရုံ(စီမံကိန်း)သည် ဆေးဝါးများကို ဆေးညွှန်းများနှင့်အညီ အရည်အသွေးအဆင့်အတန်း မြင့်မားအောင် အလေးထားဂရုပြု ထုတ်လုပ်နေသကဲ့သို့ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)နှင့် ပူးပေါင်း၍ အစွမ်းထက်မြက်သော မြန်မာ့တိုင်းရင်းဆေးဝါးများကို အဆင့်အတန်းရှိရှိ ထုတ်လုပ်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပြင်ဦးလွင် ဆေးဝါးလုပ်ငန်းစက်ရုံအနေဖြင့် ယခုအခါဆေးပြား၊ ဆေးတောင့်၊ လိမ်းဆေး၊ ဆေးရည်၊ ဆေးမှုန့်များ စတင်ထုတ်လုပ်နေပြီဖြစ်သည်။ စီမံကိန်းပြီးစီးသွားပါက ဆေးပြား၊ ဆေးတောင့်၊ လိမ်းဆေး၊ ဆေးရည်၊ ဆေးမှုန့်၊ ထိုးဆေးနှင့် သွေးကြောသွင်းဆေးရည် စုစုပေါင်း၂၁၃မျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူးသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် အဖြစ်များသည့် ရောဂါကြီးများကို မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများဖြင့် ဖော်ထုတ်ကုသနိုင်ရေး တာဝန်ရှိသူအသီးသီးက ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# အသင့်ထုတ်လုပ်ပြီးအစိတ်အပိုင်းများဖြင့် ဆောက်လုပ်သော အဆောက်အအုံများ တရုတ်အစိုးရက အင်ဒိုနီးရှား အစိုးရသို့ လွှဲပြောင်းပေးအပ်

ဂျကာတာ ဒီဇင်ဘာ ၂၄

**အသင့်ထုတ်လုပ်ပြီး အစိတ်အပိုင်းများဖြင့် ဆောက်လုပ်သောအဆောက်အအုံ ၆၀ကို တရုတ်အစိုးရမှ အင်ဒိုနီးရှားအစိုးရထံသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဂျကာတာမြို့၌ ဒီဇင်ဘာ ၂၁ရက်က ကျင်းပသည်။**

အင်ဒိုနီးရှားနိုင်ငံတွင် ဆူနာမီဒီရေလှိုင်းကြောင့် ဘေးဒုက္ခခံစားရမှုများ ဖြစ်ပွားပြီးနောက် တရုတ်အစိုးရ၏ကူညီမှုများတွင် အကြီးဆုံးစီမံကိန်းတစ်ရပ်ဖြစ်သည့်အပြင် စေတနာရှေ့ထားဆောင်ရွက်ခြင်းဖြစ်ကြောင်း တရုတ်အစိုးရကိုယ်စား အင်ဒိုနီးရှားနိုင်ငံရှိ တရုတ်သံအမတ်ကြီး လန်လီဂျန်က ပြောကြားသည်။

### မျှော်လင့်

တရုတ်အစိုးရ၏ လှူဒါန်းမှုများသည် အာချေးပြည်နယ်ရှိ ဆူနာမီဒီရေလှိုင်းဒဏ် အပြင်းအထန်ခံစားခဲ့ရသော ပြည်သူများ ကောင်းမွန်စွာနေထိုင်နိုင်ကြရန် မျှော်လင့်ကြောင်း လန်က ဆက်လက်ပြောကြားသည်။

အာချေးပြည်နယ်ရှိ ပြည်သူများအတွက် အကူအညီပေးမှုအများဆုံးတွင် တရုတ်နိုင်ငံသည်လည်း တစ်နိုင်ငံအဖြစ်ပါဝင်ကြောင်း၊ အာချေးပြည်နယ်ရှိ ကလေးများအနေဖြင့် ပညာသင်ကြားမှုများ ရရှိလာနိုင်ခဲ့ကြောင်း၊ တရုတ်အစိုးရအားလည်း ကျေးဇူးတင်ရှိကြောင်းဖြင့် အင်ဒိုနီးရှား ပြန်လည်တည်ဆောက်ရေးနှင့် ထူထောင်ရေးအကြီးအကဲ ကန်တိုရိုမန့်ကူဆူဘိုတိုက ပြောကြားသည်။

### တည်ဆောက်

လှူဒါန်းသော အဆိုပါ အဆောက်အအုံ ၆၀ကို အမေရိကန် ဒေါ်လာ ၇ ဒသမ ၅ သန်း အကုန်အကျခံ တည်ဆောက်ပေးခဲ့ကာ ကျောင်း ၃၄ ကျောင်း၊ မူလတန်းကျောင်း ၁၇ ကျောင်းနှင့် ရုံးခန်းကိုးခန်းတို့ ပါဝင်သည်။

### ပြီးစီးနေ

အဆိုပါ အဆောက်အအုံများကို ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၁၂ရက်မှ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၂ရက်အထိ တစ်နှစ်တိတိ အချိန်ယူတည်ဆောက်ခဲ့ကြောင်း၊ ယခုအချိန်တွင် တည်ဆောက်မှုများအားလုံး ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ၇၂ နာရီအတွင်းမြေလျှင်ငယ် ၅၆၀ အယ်ဆာဗေဒိုး၌ လှုပ်ခဲ့

**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၂၄**

အယ်ဆာဗေဒိုတွင် ၇၂ နာရီအတွင်း မြေလျှင်ငယ်ပေါင်း ၅၆၀ လှုပ်ခဲ့ကြောင်း ယင်းနိုင်ငံ၏ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် ဝန်ကြီးဌာနက ဒီဇင်ဘာ ၂၀ ရက်တွင် ပြောကြားသည်။

အဆိုပါ ငလျင်လှုပ်ခတ်မှုများသည် ဒီဇင်ဘာ ၁၉ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီခွဲက စတင်လှုပ်ခဲ့ရာ ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းအထိ လှုပ်ခဲ့ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

အာတီကွီဇာနှင့် တူရင်ဆန် လောရင်ဇိုနှင့် ဂျူယာယူယာတို့၌ လှုပ်ခတ်ခဲ့သော အဆိုပါငလျင်ငယ်များသည် မြေအောက်အနက် ၅ ကီလိုမီတာနှင့် ၁၀ ကီလိုမီတာ အနက်တွင် ရစ်ချ်တာစကေး ၂ ဒသမ ၅နှင့် ၄ ဒသမ ၃ အကြားရှိ ငလျင်များ လှုပ်ခဲ့သည်။

### အပြင်းထန်ဆုံး

အပြင်းထန်ဆုံးသော ငလျင်ကို ဒီဇင်ဘာ၂၀ ရက်က အာတီကွီဇာနှင့် တူရင်အကြား မြေအောက် ၇ ဒသမ ၉ ကီလိုမီတာ အနက်တွင် ဒေသစံတော်ချိန် နံနက်တစ်နာရီခွဲက လှုပ်ခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အနန္တ ဇိနဝိဟာရကျောင်း တည်ဆောက်ရေးငွေလှူဒါန်းနိုင်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် နတ်စင်ကုန်းစံပြကျေးရွာတွင် ပေ ၆၀၊ ပေ၄၀ ရောင်ပြန် အလင်းလေးအေးသွင်း အနန္တ ဇိနဝိဟာရ နှစ်ထပ်ကျောင်းကို ကိုယ်စိတ်ငြိမ်းအေးသည့်ဘဝသို့ ထေရဝါဒ မြတ်ဗုဒ္ဓအဆုံးအမဖြင့် ကျင့်ကြံရောက်ရှိနိုင်စေရန် ၂၀၀၈ ခုနှစ်အပြီး စတင်တည်ဆောက်လျက်ရှိရာ ဆရာတော် ဦးကောဝိဒ ဝဇီရကိတ္တိကျောင်း ခြောက်ထပ်ကြီး ကျောင်းတိုက် ရန်ကုန်မြို့ ဖုန်း–၀၁–၅၅၇၁၈၀၊ ဦးသံဒိုင်(နတ်စင်ကုန်း) ဖုန်း–၇၁၀၂၄၀ နှင့် ရန်ကုန်မြို့ စာတိုက်သေတ္တာအမှတ်–၇၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

# အေအိုင်ဒီအက်စ်၊ တီဘီနှင့် နာတာရှည်လူနာများ ဆေးဝါးနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်ပြည်သူ့ဆေးရုံတွင် အေအိုင်ဒီအက်စ်၊ တီဘီ၊ အခြားနာတာရှည် လူနာများနှင့် မိသားစုများအတွက် လူမှုရေးအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၂နာရီက ဆေးရုံခန်းမဆောင်၌ ကျင်းပသည်။

ဆက်လက်၍ ခရိုင် ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာမြင့်ဇော်နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်တို့က ခရိုင်အတွင်း ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံရယူကာဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



### ပေးအပ်

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေသည် တာဝန်ရှိသူများ လိုက်ပါ၍ သန်လျင်မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ အိမ်တိုင်ရာရောက် ကွင်းဆင်း၍ အေအိုင်ဒီအက်စ်၊ တီဘီနှင့် နာတာရှည်လူနာများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဆေးဝါး၊ ထောက်ပံ့ပစ္စည်းနှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**(ခရိုင် ပြန်/ဆက်)**

# ပုသိမ်ညွန့် စိတ္တသုခလမ်းတရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်း တာမွေမြို့နယ် ပုသိမ်ညွန့်ရပ်ကွက် စိတ္တသုခလမ်း မိသားစု (တနင်္ဂနွေပတ်) သံဃာ့ဒါနဆွမ်း လောင်းအသင်းက ဓမ္မသဘင်ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၂၉ရက်တွင် ဘဒ္ဒန္တ နန္ဒာသာမိဘိဝံသ (ကန်ဦးဇေတဝန်ကျောင်း ဆရာတော်)၊ ၃၀ရက်တွင် ဘဒ္ဒန္တ သိရိန္ဒာ ဘိဝံသ (ယောဆရာတော်)၊ ၃၁ရက်တွင် ဘဒ္ဒန္တ သူရိယာဘိဝံသ (မန္တလေးမြို့ မိုးတားကျောင်း ဆရာတော်)၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ဓမ္မဒူတ ဘဒ္ဒန္တ ဝိမလ(တောင်စွန်း)၊ ၂ရက်တွင် ဓမ္မဒူတ ဘဒ္ဒန္တ ဆေကိန္ဒ (တွဲဖက်ပါမောက္ခ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ တက္ကသိုလ်) တို့က တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က–ပ)**

## မြဝတီရုပ်မြင်သံကြား

**၂၅–၁၂–၂၀၀၆ (တနင်္လာနေ့)**

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

### ညပိုင်း

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၅ | ၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄း၂၅ | ၄။ | ဟဒယရွှင်လန်းအငြိမ့်ခန်း |
| ၄း၃၀ | ၅။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၅၀ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၁၀ | ၇။ | ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| ၅း၃၀ | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆း၂၅ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၃၅ | ၁၃။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကျေးတောသူ" (အပိုင်း–၁၄) |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၇။ | မေးမြန်းစူးစမ်း |
| | ၁၈။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၁၉။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နောက်ဆုံးပစ်မှတ်" (အပိုင်း–၁၇) |

# ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ အရည်အသွေးရှိရှိစောပြီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

■ ရွှေဖုံးမှ

တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယမန်နေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မန္တလေးမြို့ဖွံ့ဖြိုးတိုးတက်မှု၊ မန္တလေးကန်တော်ကြီး သာယာလှပမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့် အဖွဲ့ဝင်များသည် ရောဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိကြပြီး တံတားကြီး တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ၁၉၃၄ ခုနှစ်ကတည်းက အသုံးပြုခဲ့သည့် သက်တမ်း ၆၅ နှစ်ကျော်ရှိ ရောဝတီမြစ်ကူး အင်းဝတံတား၏အခြေအနေ သက်တမ်းကြာမြင့်ခဲ့ပြီဖြစ်သဖြင့် ဝန်လေးယာဉ်များ ဖြတ်သန်းသွားလာရာ၌ ကန့်သတ်ချက်များရှိလာခဲ့မှု၊ တိုးတက်များပြားလာသည့် မော်တော်ယာဉ်များ၊ ဝန်လေးယာဉ်များ ဖြတ်သန်းအသုံးပြုနိုင်ရေးအတွက် ရောဝတီမြစ်ကူးတံတားသစ်ကြီးတစ်စင်း ဆောက်လုပ်ရန် နိုင်ငံတော်အကြီးအကဲကိုယ်တိုင်လမ်းညွှန်ခဲ့ပြီး တံတားတည်ဆောက်ရေးအတွက် အသင့်လျော်ဆုံးနေရာကို ရွေးချယ်သတ်မှတ်ပေးခဲ့မှု၊ တံတားအမျိုးအစားများ၊ ပင်မတံတား၊ ချဉ်းကပ်တံတား (မန္တလေးဘက်ကမ်း)၊ ချဉ်းကပ်တံတား (စစ်ကိုင်းဘက်ကမ်း)တည်ဆောက်ရေးလုပ်ငန်းများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည့် တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ၊ ချဉ်းကပ်လမ်းဖောက်လုပ်ပြီးစီးမှုများ၊ စီမံကိန်း လုပ်ငန်းများကို အရည်အသွေးရှိရှိ သတ်မှတ်ကာလထက်စောပြီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## စမ်းသပ်စစ်ဆေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တံတားကြီးမဖွင့်လှစ်မီ တံတားကြီး၏ခိုင်ခံ့မှု၊ သပ်ရပ်မှု၊ လိုအပ်မှုတို့ကို စမ်းသပ်စစ်ဆေးသွားရေး၊ ပြုပြင်သင့်သည်များကို စစ်ဆေးပြုပြင်သွားရေး၊ တံတားကြီးဖြစ်ပေါ်မှုမှတ်တမ်းကို ပြည့်ပြည့်စုံစုံပြုစုရေးတို့ကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မန္တလေးဘက်ကမ်း ချဉ်းကပ်တံတားပေါ်၌ နိုင်လွန်ကတ္တရာခင်းပြီးစီးမှုနှင့် ပင်မတံတား၌ ကြမ်းခင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

## ရောဝတီတံတား(ရတနာပုံ)

ရောဝတီတံတား(ရတနာပုံ)၏ ပင်မတံတားမှာ သံမဏိသံပေါင်တံတား အမျိုးအစား ဖြစ်သည်။ ချဉ်းကပ်တံတားများမှာ မန္တလေးဘက်ကမ်း၌ ပေ ၁၁၄၀၊ စစ်ကိုင်းဘက်ကမ်း၌ ပေ ၇၈၀စီရှိပြီး သံကူကွန်ကရစ် ရက်မနှင့် ကြမ်းခင်းတံတားအမျိုးအစားဖြစ်သည်။ တံတား၏ စုစုပေါင်းအရှည်မှာ ၅၆၁၄ ပေရှိသည်။

တံတားကြီးကို ယာဉ်တစ်စီးချင်းခွင့်ပြုတန် ၆၀ ခံနိုင်ဝန်ရှိသည့် လေးလမ်းသွား တံတားကြီးအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မန္တလေးမြို့ ကမ်းနားလမ်းနှင့် တောင်သမန်ကန်ပတ်လမ်းတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

## ကတ္တရာခင်းမှုကြည့်ရှု

ဆက်လက်၍ ရန်ကုန်-မန္တလေးလမ်း တံခွန်တိုင်တံတားမှ စက်မှုဇုန်(၂) ကနောင်မင်းသားကြီးလမ်းအထိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက နိုင်လွန်ကတ္တရာခင်းနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးမွေးမြူရေးဌာန ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံအမှတ်(၁)သို့ ရောက်ရှိကြပြီး ခြံစည်းရိုးကြက်ဆူ ဧက ၁၂၀ စိုက်ပျိုးပြီးစီးမှု၊ ခြံစည်းရိုးကြက်ဆူပျိုးပင်များ ပျိုးထောင်ထားမှု၊ ရာသီပင်နှင့် နှစ်ရှည်သီးပင်များ စိုက်ပျိုးထားမှု၊ ဝက်၊ ငါး၊ ဘဲ၊ ဘဲငန်းနှင့် မန်ဒါလီများ မွေးမြူထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် လေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# ပုံနှိပ်စက်များရေရှည်ခိုင်ခံ့အောင်ကြံ့ခိုင်ရေးနေ့စဉ်ဆောင်ရွက် ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်အောင်လေ့ကျင့်လုပ်ကိုင် စက်စွမ်းအားပြည့်၊ လုပ်အားစွမ်းအားပြည့်ထုတ်လုပ်ရေးစီမံ

ရန်ကုန် ဒီဇင်ဘာ ၂၄

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံနှင့် အင်းစိန်မြို့နယ် အောင်ဆန်းရှိ ဂျီတီစီပုံနှိပ်စက်ရုံ၊ စာပေဗိမာန် ပုံနှိပ်စက်ရုံနှင့် အောင်ဆန်းပုံနှိပ်စက်ရုံများသို့ သွားရောက်၍ ပုံနှိပ်လုပ်ငန်းသုံးစက်ပစ္စည်းများနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။**

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက် ၈ နာရီခွဲတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဖိုတိုလစ်သိုပုံနှိပ်စက်ရုံသို့ ရောက်ရှိရာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူး ဦးနိုင်အောင်လွင်က ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၏ တည်နေရာနှင့် အကျယ်အဝန်း၊ နောက်ခံသမိုင်းအကျဉ်း၊ ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား၊ စက်ရုံရှိ ပုံနှိပ်စက်များအခြေအနေနှင့် ပုံနှိပ်နိုင်မှုစွမ်းအား၊ ကျောင်းသုံးစာအုပ်များ ပုံနှိပ်ခြင်းလုပ်ငန်းနှင့် ထုတ်လုပ်ပြီးစီးမှု အခြေအနေ၊ အပတ်စဉ်၊ လစဉ်ထုတ် စာစောင်၊ဂျာနယ်၊ မဂ္ဂဇင်းနှင့် ပြက္ခဒိန်များ ရိုက်နှိပ်နေမှု၊ ကုန်ကြမ်းပစ္စည်းသုံးစွဲမှု၊ ဝင်ငွေနှင့် အသုံးစရိတ်အချိုး နှိုင်းယှဉ်ချက်၊ ပုံနှိပ်အရည်အသွေးစစ်ဆေးဆောင်ရွက်နေမှု၊ စက်ရုံလုံခြုံရေး၊ စိုက်ပျိုးရေး၊ စက်ပစ္စည်းကြံ့ခိုင်ထိန်းသိမ်းမှု စသည်တို့နှင့် စပ်လျဉ်း၍ ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## မှာကြား

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမှန်တကယ် ဆောင်ရွက်မှု ရှိ/မရှိ စစ်ဆေးကြပ်မတ်ရန်၊ လုပ်ငန်းအလိုက်၊ ဌာနအလိုက် လုပ်အား ယှဉ်ပြိုင်မှုများ ဆောင်ရွက်စေပြီး ဆုပေးဒဏ်ပေး စနစ်ကျင့်သုံး၍ လုပ်ငန်းတိုးတက်အောင် ဆောင်ရွက်ရန်၊ စက်စွမ်းအားပြည့်၊ လုပ်အားစွမ်းအားပြည့် လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ရန်၊ မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးဆောင်ရွက်ရန်နှင့် အဖျက်အမှောင့်အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လုံခြုံရေးကို အထူးအလေးထား ဆောင်ရွက်ရန်တို့ကို အကျယ်တဝင့် မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်ရုံအတွင်းရှိ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ချုပ်လုပ်နေမှု၊ ပန်းချီပုံပြင်ခန်း၊ စက်မှုလက်မှုခန်းနှင့် ကုန်ကြမ်းပစ္စည်းသိုလှောင်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တာဝန်ရှိသူများနှင့် အတူ နံနက် ၁၀ နာရီတွင် အင်းစိန်မြို့နယ် အောင်ဆန်း ဂျီတီစီပုံနှိပ်စက်ရုံသို့ ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဂျီတီစီပုံနှိပ်စက်ရုံ စက်ရုံမှူး ဦးဟန်လင်းအောင်၊ အောင်ဆန်းပုံနှိပ်စက်ရုံ စက်ရုံမှူး ဦးဉာဏ်တင်နှင့် စာပေဗိမာန်ပုံနှိပ်စက်ရုံ စက်ရုံမှူး ဦးနိုင်လင်းတို့က စက်ရုံများ၏ အချက်အလက်များ၊ ပုံနှိပ်စက်များ အခြေအနေနှင့် ပုံနှိပ်ထုတ်လုပ်နေမှုများ၊ ကျောင်းသုံး စာအုပ်များ ရိုက်နှိပ်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

## ကြပ်မတ်ဆောင်ရွက်

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဂျီတီစီ ပုံနှိပ်စက်ရုံရှိ ပုံနှိပ်စက်များမှာ အသစ်များဖြစ်သဖြင့် စက်ကြံ့ခိုင်ရေးကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်ဆောင်ရွက်ရန်၊ ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်အောင် လေ့ကျင့်ရန်၊ အောင်ဆန်းပုံနှိပ်စက်ရုံနှင့် စာပေဗိမာန် ပုံနှိပ်စက်ရုံများမှ ပုံနှိပ်စက်များကိုလည်း ရေရှည်ခိုင်ခံ့အောင် ကြံ့ခိုင်ရေး ဆောင်ရွက်ရန်၊ မိမိတို့ စက်ရုံအလိုက် စက်စွမ်းအားပြည့်၊ လုပ်အားစွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးစီမံဆောင်ရွက်ရန်၊ စက်ရုံများ၏ ဝင်ငွေနှင့် အသုံးစရိတ် အချိုးမှာ ပျမ်းမျှ ၃၀ ရာခိုင်နှုန်း ဝန်းကျင်တွင် ရှိကြောင်း တွေ့ရှိသဖြင့် စက်ရုံအသုံးစရိတ်များ ခြိုးခြံချွေတာ သုံးစွဲခြင်း၊ ကုန်ကြမ်းပစ္စည်းသုံးစွဲမှု စံနှုန်းကို ယခုထက်ပိုမို၍ စိစစ်သုံးစွဲခြင်းဖြင့် ဝင်ငွေနှင့် အသုံးစရိတ် အချိုးကို ယခုထက်ပိုမိုကောင်းအောင် ဆောင်ရွက်ကြရန်၊မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စနစ်တကျ စစ်ဆေးဆောင်ရွက်ရန်၊ မြေလွတ်မြေလပ်များတွင် စိုက်ပျိုးရေးကို တိုးချဲ့ဆောင်ရွက်သွားရန်၊ ဝန်ထမ်းများနှင့် စက်ရုံလုံခြုံရေးအတွက် စီမံချက်ပါအတိုင်း ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဂျီတီစီပုံနှိပ်စက်ရုံ၊ စာပေဗိမာန်နှင့် အောင်ဆန်းပုံနှိပ်စက်ရုံများရှိ ပုံနှိပ်စက်များအခြေအနေ၊ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ် ချုပ်လုပ်နေမှု အခြေအနေနှင့် ကုန်ကြမ်းသိုလှောင်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

**(သတင်းစဉ်)**

# နှစ်ပတ်လည်သင်းလုံးကျွတ် စည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရွှေတိဂုံစေတီတော် ရက္ခိုင်မောင်မယ် တံမြက်စည်းလှည်း အသင်းမှ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဒီဇင်ဘာ ၃၁ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ဧဝတီသာသနာပြုကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသား၊ အသင်းသူများတက်ရောက်ကြပါရန် နိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဖိုတိုလစ်သိုစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# တိပိဋကဓရစာပြန်ပွဲကြီးကို ဝင်ရောက်ပြန်ဆို ရေးဖြေတော်မူကြမည့် အရှင်မြတ်တို့သည် ပရိယတ္တိသာသနာတော်တွင် အဆင့်မြင့်စွာဖြင့် ပရိယတ်တာဝန်ကို အားသွန်ခွန်စိုက် ကြိုးပမ်းနေသော သာသနာ့အာဇာနည်များဖြစ် ပရိယတ္တိဝန်ဆောင်ပီပီ ရည်ရွယ်ချက်မြင့်မားစွာထားရှိပြီး တရားတော်များ၏အနက်အဓိပ္ပာယ်ကိုသိရှိအောင်ဆင်ခြင်

ရန်ကုန် ဒီဇင်ဘာ ၂၄

**သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၅၉)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ ရွေးချယ်ရေး သြဝါဒါစရိယဆရာတော်ကြီးများ၊ စာထောက်၊ စာမ ဆရာတော်ကြီးများ၊ စာပြန် စာဖြေ သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။**

## ပင့်ဆောင်

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရရွေးချယ်ရေး သြဝါဒါစရိယဆရာတော်ကြီးများ၊ စာထောက် စာမ ဆရာတော်များ၊ စာပြန်သံဃာတော်အရှင်သူမြတ်တို့အား မဟာပါသာဏလိုဏ်ဂူတော်ကြီးမှ ဝိဇယမင်္ဂလာဓမ္မသဘင်သို့ တာဝန်ရှိသူများက အခမ်းအနားဖြင့် ပင့်ဆောင်ကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ယင်းနောက် တိပိဋကဓရရွေးချယ်ရေး သြဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိဇယာဘိဝံသထံမှ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။

## သြဝါဒကထာမိန့်ကြား

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက သာရဏီယသြဝါဒကထာကို မိန့်ကြားရာတွင် (၅၉)ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေးစာပြန်ပွဲ စာမေးပွဲကြီးကို ဝင်ရောက်ပြန်ဆိုကြ၊ ရေးဖြေကြမည့် တိပိဋကဓရအလျာ သာသနာ့အာဇာနည် အရှင်မြတ်တို့နှင့်တကွ နိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ၊ ဥပါသိကာမအပေါင်းတို့ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကိုယ်စား အခါကာလ ကြာမြင့်သည့်တိုင်အောင် အမှတ်ရသင့် အမှတ်ရထိုက်သော သြဝါဒစကားကို ပြောကြားလိုကြောင်း။

အင်္ဂုတ္တရနိကာယ် ပဌမသဒ္ဓမ္မသမ္မောသသုတ်၌–

**"ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တန္တိ"** အစရှိသည်ဖြင့် လည်းကောင်း၊

**"ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ အသမ္မောသာယ အနန္တရဓာနာယ သံဝတ္တန္တိ"**အစရှိသည်ဖြင့်လည်းကောင်း မြတ်စွာဘုရား မိန့်ကြားတော်မူအပ်သည့် သာသနာတော် ကွယ်ပခြင်းအကြောင်းနှင့် သာသနာတော် တည်တံ့ခြင်းအကြောင်းတို့ကို နှလုံးသွင်း ဆင်ခြင်နိုင်ကြဖို့ အကျဉ်းချုပ် ပြောကြားလိုပါတယ်။

သာသနာကွယ်ပဖို့အကြောင်း (၅)ပါးက–

၁။ ရဟန်းတော်များ၏ တရားတော်ကို ရိုသေစွာ မနာယူခြင်း၊
၂။ တရားတော်ကို ရိုသေစွာ မသင်ယူခြင်း၊
၃။ တရားတော်ကို ရိုသေစွာ မဆောင်ကြခြင်း၊
၄။ ဆောင်ထားအပ်သော တရားတော်များ၏ အနက်အဓိပ္ပာယ်ကို ရိုသေစွာ မဆင်ခြင်ခြင်း၊
၅။ တရားသဘောတို့ကို သိပြီးသည့်အခါ သိထားသည့် တရားတော်အတိုင်း ရိုသေစွာမလိုက်နာ၊ မကျင့်သုံးခြင်းဟူသော အကြောင်းတရား (၅)ပါးဖြစ်။

ရဟန်းတော်တွေဟာ ယခုပြောခဲ့တဲ့ အကြောင်းတရား (၅)ပါးအတိုင်း ကျင့်သုံးနေကြရင် သာသနာတော်ဟာ မကြာမီ ကွယ်ပျောက်သွားမှာဖြစ်ပါတယ်။

သာသနာတည်တံ့ခြင်း အကြောင်းတရား(၅)ပါးကတော့ သာသနာကွယ်ပကြောင်း တရား(၅)ပါးကို ပြောင်းပြန်ယူရမည်ဖြစ်ရာ–

**၁။ ရဟန်းတော်များ၏ တရားတော်ကို ရိုသေစွာနာယူခြင်း၊**
**၂။ တရားတော်ကို ရိုသေစွာသင်ယူခြင်း၊**
**၃။ တရားတော်ကို ရိုသေစွာဆောင်ထားခြင်း၊**
**၄။ ဆောင်ထားအပ်သည့် တရားတော်များ၏ အနက်အဓိပ္ပာယ်ကို ရိုသေစွာ ဆင်ခြင်ခြင်း၊**
**၅။ တရားသဘောတို့ကို သိပြီးသည့်အခါ သိထားသည့်အတိုင်း ရိုသေစွာ လိုက်နာကျင့်သုံးခြင်း**

ဟူသော အကြောင်းတရား(၅)ပါးတို့ ဖြစ်ပါတယ်။

ရဟန်းတော်များဟာ ဤအကြောင်းတရား(၅)ပါးတို့ကို ပြည့်စုံအောင် ကျင့်သုံးနေကြလျှင် သာသနာတော်ကြီးဟာ အရှည်ခံ့၍ တည်တံ့နေမှာဖြစ်ပါတယ်။

တိပိဋကဓရ စာပြန်ပွဲကြီးကို ဝင်ရောက်ပြန်ဆိုရေးဖြေတော်မူကြမည့် အရှင်မြတ်တို့ဟာ မြန်မာနိုင်ငံ ပရိယတ္တိသာသနာတော်မှာ အဆင့်မြင့်စွာနဲ့ ပရိယတ်တာဝန်ကို အားသွန်ခွန်စိုက် ကြိုးပမ်းနေကြသော သာသနာ့အာဇာနည် အရှင်မြတ်များဖြစ်ကြပါတယ်။ အဆင့်မြင့်သည့် ပရိယတ္တိဝန်ဆောင်ပီပီ ရည်ရွယ်ချက် မြင့်မားစွာထားရှိပြီး ကျက်မှတ်ထားသည့် တရားတော်များ၏ အနက်အဓိပ္ပာယ်ကို ထိထိမိမိ သိရှိအောင် ဆင်ခြင်ဖို့လိုအပ်ပါတယ်။ "သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝပမာဏံ"ဟု အဋ္ဌကထာဆိုရာမှာ သာသနာတည်တံ့ရန်အတွက် ပရိယတ္တိ ပဓာနကျကြောင်းကိုသာဆိုပါတယ်။ အကျင့်ပဋိပတ် မပါဘဲ ပရိယတ်တစ်ခုတည်းဖြင့် သာသနာတည်နိုင်ကြောင်းကို ဆိုလိုသည်မဟုတ်ပါ။ ဒါ့ကြောင့် သာသနာတည်တံ့ခြင်းအကြောင်း(၅)ပါးတွင် တရားသဘောတို့ကို သိပြီးသည့်အခါ သိထားသည့်အတိုင်း မလိုက်နာ မကျင့်သုံးကြလျှင် မလိုက်နာ မကျင့်သုံးအပ်သော တရားတော်သည် မိမိသန္တာန်မှာ မတည်ဘဲ ကွယ်ပျောက်နေသည်ကို သတိပြုရမှာဖြစ်ပါတယ်။ အဲဒီလို တရားသဘောတွေကို သိပြီးသည့်အခါ သိပြီးသောတရားတော်များကို တတ်နိုင်သမျှ မိမိတို့ကိုယ်တိုင် ကျင့်သုံးခြင်း၊ တပည့်တပန်း ရဟန်းသာမဏေများကိုလည်း တွင်တွင်ကျယ်ကျယ် ပို့ချခြင်း၊ သာသနာတော်မြတ်ကြီးကို ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လှူဒါန်းနေကြတဲ့ ဒါယကာ၊ ဒါယိကာမများကိုလည်း ဟောပြောခြင်းတို့ကို ပြုလုပ်ကြမှ သာသနာတော် တည်တံ့ပြန့်ပွားနိုင်မှာ ဖြစ်ပါတယ်။

တိပိဋကဓရရွေးချယ်ရေး စာပြန်ပွဲ စာမေးပွဲကြီးကို ဆင်နွှဲပြန်ဆိုကြမည့် စာပြန်သံဃာအရှင်မြတ်တို့ဘုရား "ဂန္ထဓုရဝိပဿနာဓုရာနိ ဒွေယေဝ ဓုရာနိ" ဟူသော ဒေသနာတော်နှင့်အညီ ဤသာသနာတော်မှာ စာပေကျမ်းဂန်သင်အံ ပို့ချခြင်း=ဂန္ထဓုရတာဝန်၊ ဝိပဿနာ ကမ္မဋ္ဌာန်းတရားများ ပွားများခြင်း=ဝိပဿနာ ဓုရတာဝန်ဟု တာဝန်နှစ်ပါးရှိကြောင်းကို ပြဆိုထားပါသည်။ အဲဒီလို မြတ်စွာဘုရား မိန့်ကြားထားသည့်အတိုင်း စာပြန်ပွဲ အောင်သည်ဖြစ်စေ၊ မအောင်သည်ဖြစ်စေ ဘုရားသာသနာတော်တွင် ခန္ဓာကြံ့ခိုင်စွမ်းနိုင်သည့်အရွယ်မှာ ရှိနေပါက မြတ်စွာဘုရား ဟောမြွက်ကြားသည့် တရားဒေသနာတော်တွေကို သင်အံလေ့ကျက် ဆောင်ရွက်ရမည့် ဂန္ထဓုရတာဝန်သည် ငါတို့တာဝန်ဖြစ်သည်ဟု နှလုံးသွင်းကြ ကာ ပြန်ဆိုသင့်ပါသည်။ ဤကဲ့သို့ ကောင်းမြတ်သည့် နှလုံးသွင်းဖြင့်ပြန်ဆိုပါက မြင်းကောင်းခွာလိပ် သတိဖိတ်စဉ်၍ စာမေးပွဲမှ လွဲချော် ကျရှုံးစေဦးတော့ ဘုရားဟောတရားတော်များကို အစဉ်မပျက် ဆက်လက်ကြိုးပမ်းလိုစိတ် ဖြစ်ရှိနေကြပါလိမ့်မည်။ စာပြန်ပွဲ အောင်ရုံတစ်ခုတည်းသော ရည်ရွယ်ချက်ဖြင့် ပြန်ဆိုပါက စာမေးပွဲကျရှုံးလျှင် နှလုံးမသာ ဖြစ်နေတတ်ပါသည်။ စာပေကို ဆက်လက်မကျက်လိုခြင်း စသည့် မကောင်းသော အလားအလာများ ဖြစ်ပွားလာနိုင်ပါသည်။

သို့ဖြစ်သောကြောင့် အနာရောဂါကင်းစင်ကွာ၍ ခန္ဓာကြံ့ခိုင်စွမ်းနိုင်သည့် မြတ်စွာဘုရား ဟောကြားမြွက်ဖော် တရားတော်များကို ငါတို့လည်းစွမ်းနိုင်သမျှ ကျင့်ကြံနိုင်ရန် တပည့်အများ စာသင်သားတို့ကိုလည်း သင်ကြားပို့ချပေးနိုင်ရန် တပည့်ဒါယကာ ဒါယိကာမတွေကိုလည်း မှန်မှန်ကန်ကန် ဟောကြားညွှန်ပြနိုင်ရန် စွမ်းနိုင်သမျှ ကျက်မှတ်ထားရမည်ဟူသော ရည်ရွယ်ချက်ဖြင့် ကျက်မှတ်ပြန်ဆိုပါက နိဿရဏတ္ထ စာသင်နည်းဖြစ်၍ ပစ္စုပ္ပန်သံသရာ ချမ်းသာဖွံ့ဖြိုး နိဗ္ဗာန်တိုင်အောင် အကျိုးတရားများကို ရရှိလိမ့်မည်ဖြစ်ကြောင်း သတိပေးစကား ပြောကြားလိုပါသည် ဘုရား။

တိပိဋကဓရစာပြန်ပွဲကြီးတွင် ပိဋကတ်ကျမ်းစာများကို ပြန်ဆိုတော်မူကြသည့် အရှင်မြတ်တို့အား ဆွမ်းစသော လှူဒါန်းဖွယ်ပစ္စည်းတို့ဖြင့် လှူဒါန်းထောက်ပံ့ကြသည့် ဒါယကာ ဒါယိကာမအပေါင်းတို့လည်း ယခုကဲ့သို့ လှူဒါန်းပူဇော်ခြင်းသည် တရားတော်ကို ပူဇော်ရာရောက်သောကြောင့် ရနိုင်ခဲသည့် ဓမ္မပူဇာမဟာ ကုသိုလ်များရရှိကြ၍ နိဗ္ဗာန်တိုင်ထိ များမြတ်သည့် အကျိုးတရားများကို ရရှိခံစားနိုင်မည် ဖြစ်ပါသည်။ ရရှိခံစားနိုင်ပါစေလို့လည်း ဆုတောင်းရင်း ဘုန်းကြီးရဲ့ သြဝါဒကထာကို နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် မိန့်ကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

## အလှူငွေများလှူဒါန်း

ယင်းနောက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တိပိဋကငွေပဒေသာပင်အတွက် အလှူရှင်များဖြစ်ကြသော မိတ္ထီလာမြို့ ပဌမကျော် ဓမ္မာစရိယ တိုက်သစ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာက ငွေကျပ်တစ်သိန်း၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဒေဝနိမ္မိတာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလက ငွေကျပ်တစ်သိန်း၊ မရမ်းကုန်းမြို့နယ် အေဝမ်းရတနာ ရောင်းဝယ်ရေးမှ ဦးမိုးနှင်း–ဒေါ်ခင်မာဝင်း သား မောင်ဉာဏ်ထက်အောင် မွေးနေ့အလှူငွေကျပ် ၃၆၀၀၀၀၊ သီရိသုဓမ္မဏီဇောတရေ သမားတော်ကြီး ဦးဘိုကြီး–သီရိသုဓမ္မသီဂီ ဒေါ်သန်းသန်း (ပြည်လုံးချမ်းသာဆေးတိုက်)နှင့် ဧရာဝတီတိုင်း ဖျာပုံမြို့နယ် နောက်မီးကျေးရွာမှ ဦးထွန်းကြိုင်– ဒေါ်ဘေဘီသောင်း၊ သားသမီး မြေးတစ်စုတို့က ငွေကျပ်နှစ်သိန်းစီ၊ လှိုင်မြို့နယ် ကန်ရိပ်မွန် အိမ်ရာမှ ဦးစံသာကျော်အားရည်စူး၍ ဒေါ်ခင်လေးချစ်နှင့် သားသမီးမြေးတစ်စုတို့နှင့် ဧရာဝတီတိုင်း ဖျာပုံမြို့နယ် နောက်မီးကျေးရွာမှ ဦးထွန်းရင်–ဒေါ်ထွေးကြည်၊ သမီး သန္တာထွန်းတို့က ငွေကျပ်တစ်သိန်းစီ၊ ကြည့်မြင်တိုင်မြို့နယ် ဌာနလမ်းမှ သီရိသုဓမ္မသီဂီ ဒေါ်သန်းသန်းရီမိသားစုက ငွေကျပ် ၅၀၀၀၀၊ ဒေါက်တာစိုင်းဆမ်ထွန်းက Alpine သောက်ရေသန့်ပစ္စည်း တန်ဖိုးငွေကျပ် ၆၆၀၀၀၀ စုစုပေါင်းငွေကျပ် ၁၈၂၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဓမ္မာသနပလ္လင်တော်များနှင့် ကနက္ကဒဏ်ထီးဖြူတော်များကို အဘိသေကမန္တန်တော်ဖြင့် ဘိသိက်သွန်း၍ ပလ္လင်တော်များထက်သို့ စာပြန်၊ စာဖြေ သာသနာ့အာဇာနည်များအား ပင့်လျှောက်ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

## ၃၃ရက်ကြာမြင့်မည်

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ (၅၉)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် စာပြန်၊ စာဖြေ သာသနာ့အာဇာနည် သံဃာတော်ပေါင်း ၂၇၆ပါးတို့ ဝင်ရောက်ဖြေဆိုတော်မူကြပြီး ၃၃ရက် ကြာမြင့်မည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် (၅၉)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဆက်လက်ကျင်းပသည်။

**(သတင်းစဉ်)**



**ဒီဇင်ဘာ၂၃ရက်က စမ်းချောင်းမြို့နယ် လင်းလွန်းတောင်ရပ်ကွက်ရှိ လင်းလွန်းပင် ပရိယတ္တိစာသင်တိုက် သာသနာဗိမာန်တော်ကြီး တည်ဆောက်ရေးအတွက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တမာစာရ(ဓမ္မာစရိယ)ထံ မိဘနှစ်ပါးအားရည်စူး၍ ဒေါ်ခင်မေနွဲ့–(ပါမောက္ခ၊ ငြိမ်း)နှင့် ဒေါ်ခင်မေသွဲ့ (ကျောင်းအုပ် အထက ၃ စမ်းချောင်း၊ ငြိမ်း)တို့က အလှူငွေကျပ် ၂၅သိန်း ဆက်ကပ်လှူဒါန်းစဉ်။** (၁၂၉)



**ရန်ကင်း ပြည်သာယာ (ကျိုက္ကဆံ ILBC တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် မြောက်ဥက္ကလာပ ရွှေပေါက်ကံမြို့သစ် (၂၁)ရပ်ကွက် ပုဂံလမ်းနေ ဦးဖေသန်းမိသားစုက အလှူတော်ငွေကျပ်တစ်သိန်းလှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။** (က–ပ)

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ထက်ဝက်ကျော်၏ ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတစ်ဝန်း အာဏာတည်ရှိလာမည်




ရန်ကုန် ဒီဇင်ဘာ ၂၄

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၂ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**

လေးစားအပ်ပါသော သဘာပတိကြီးနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အစုအဖွဲ့များမှ ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ကျွန်တော်ကတော့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီကို ကိုယ်စားပြုတဲ့ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးခင်မောင်အေး ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အနာဂတ်နိုင်ငံတော်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ထွန်းရေးအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နေသည့် အမျိုးသားညီလာခံကြီးကို အရှိန်အဟုန်ဖြင့် ကျင်းပလာခဲ့ရာမှာ ယခုနောက်ဆုံးကျန်ရှိနေသေးသည့် အခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်း၊ အထွေထွေပြဋ္ဌာန်းချက်အခန်းများကို ဆွေးနွေးအကြံပြုသည့် အချိန်ကာလကို ရောက်ရှိလာပြီ ဖြစ်ပါတယ်။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမအဆင့်ဖြစ်တဲ့ အသေးစိတ်အခြေခံရမည့်မူများချမှတ်သည့် အမျိုးသားညီလာခံ ကျင်းပသည့် လုပ်ငန်းစဉ်ကြီး အောင်မြင်စွာပြီးမြောက်တော့မည့် လေးနက်ပြီး အဓိပ္ပာယ်ပြည့်ဝသော သမိုင်းတွင်ရစ်မည့် အချိန်အခါလဲဖြစ်ပါတယ်။

တစ်စိုက်မတ်မတ် လုပ်ဆောင်လာသည့် ဆွေးနွေးအကြံပြုမှုများဟာ အခန်းလိုက် ဆွေးနွေးတင်ပြမှု၊ တင်ပြထားချက်များအပေါ် ပြန်လည်စုစည်းပြီး သဘောထားများ ထပ်မံအတည်ပြုချက်ရယူမှုများကို စနစ်တကျဖြင့် ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့ခြင်းများကြောင့် အနာဂတ်နိုင်ငံတော်အတွက် အလွန်ခိုင်မာသော၊ ပြည်သူတစ်ရပ်လုံး၏ ရေရှည်အကျိုးစီးပွားကို ဖော်ဆောင်နိုင်သော နိုင်ငံတော်အနေဖြင့်လည်း ကမ္ဘာ့နိုင်ငံများအလယ်မှာ ဂုဏ်သိက္ခာရှိရှိဝင့်ကြွားစွာ ရပ်တည်သွားနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးတစ်ရပ် ပီပြင်စွာ ပေါ်ထွက်လာတော့မှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နောင်တစ်ခေတ်မှာ သမိုင်းတွင်ရစ်မည့် လေးနက်ကြီးမြတ်သော လုပ်ငန်းစဉ်ကြီးကို ကျွန်တော်တို့ပါတီအနေဖြင့် စိတ်အားထက်သန်စွာ၊ အသိစိတ်ရှိရှိဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှဖြင့် နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ရသဖြင့် လွန်စွာဂုဏ်ယူမိပါကြောင်း ပြောကြားလိုပါတယ်။

သို့သော်လည်း မပြည့်စုံသော လောကဓမ္မတာအရ ကျွန်တော်တို့ပါတီ၏ အားနည်းချက်မပြည့်စုံမှုများကို ကိုယ်စားလှယ်ကြီးများအားလုံး သဘောထားကြီးစွာ နားလည်ပေးပါရန် ပြောကြားလိုပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံကြီးရဲ့ လုပ်ငန်းစဉ်အရ ကျန်ရှိနေသည့် ခေါင်းစဉ်များကို ဆက်လက်ဆွေးနွေး သုံးသပ်ရမည်ဆိုလျှင်–

နိုင်ငံတော် ဖွဲ့စည်းပုံကို မည်မျှပင်အသေးစိတ်ကျစွာ စိစစ်သုံးသပ်ချမှတ်ထားသည်ဖြစ်စေ၊ လက်တွေ့အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို မဖြစ်ထွန်းစေသည့် ဥပဒေများကို ပြင်ဆင်ရန်လိုအပ်သလို ပိုမိုပြည့်စုံလာအောင် ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်နိုင်ကြောင်းကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်များမှ လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းနဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်များကို လေ့လာသုံးသပ်ခဲ့ရာတွင်–

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အကြောင်းပေါ်ပေါက်လာပါလျှင် မည်သို့ပြင်ဆင်ရမည်။ ပြင်ဆင်ရမည့် ဥပဒေသတ်မှတ်ချက်များ ပြင်ဆင်နိုင်ရန် လုပ်ငန်းစဉ် အစီအစဉ်များ အစရှိသည့် အခြေခံဥပဒေ ပြင်ဆင်ခြင်းဆိုင်ရာ အကြောင်းတရားများကို ပြည့်စုံစွာ ဖော်ပြပါရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းအတွက် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မည့် နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းကို ဆက်လက်သုံးသပ်တင်ပြရမည်ဆိုလျှင်–

နိုင်ငံတကာရှိ မည်သည့်နိုင်ငံမဆို ၎င်းတို့နိုင်ငံကို ကိုယ်စားပြုသည့် အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်များ သတ်မှတ်ထားကြပါတယ်။

အချို့နိုင်ငံများဆိုလျှင် ပန်းကိုပင် နိုင်ငံတော်အထိမ်းအမှတ်ပန်းအဖြစ် သတ်မှတ်ထားကြောင်း တွေ့ရှိရပါတယ်။

ဤသို့ နိုင်ငံအတွက် သတ်မှတ်ထားသည့် နိုင်ငံတော်အလံနှင့် အထိမ်းအမှတ်တံဆိပ်သည် နိုင်ငံတော်ကို ဦးဆောင်နေသည့် အစိုးရအဖွဲ့၊ နိုင်ငံတွင်းရှိ ပြည်သူများကို ကိုယ်စားပြုသဖြင့် လေးနက်ပြီး အဓိပ္ပာယ်ပြည့်ဝသည့် အနက်ဖွင့်ဆိုဖော်ညွှန်းရန် လိုအပ်ပါတယ်။

ထို့အပြင် နိုင်ငံမှ ကျင့်သုံးနေသည့် စနစ်၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးတို့နှင့် ဆီလျော်မှုရှိသည့် အဓိပ္ပာယ်ဖော်ညွှန်းပေါ်လွင်နေရန်လည်း လိုအပ်ပါတယ်။ ပြည်သူတစ်ရပ်လုံး၏ မျိုးချစ်စိတ်၊ ဇာတိသွေး၊ ဇာတိမာန်ကို နိုးကြားတက်ကြွစေနိုင်သည့် အနက်အဓိပ္ပာယ် ပေါ်လွင်နေစေရန်လည်း လိုအပ်ပါတယ်။

နိုင်ငံတော်သီချင်းကိုလည်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို ဖော်ညွှန်းပြီး ပြည်သူများကို မျိုးချစ်စိတ်၊ အမျိုးသားရေးတာဝန်သိစိတ်များကို နိုးကြားစေနိုင်သည့် အဓိပ္ပာယ်သက်ရောက်စေရန် လိုအပ်ပါတယ်။

နိုင်ငံတော်၏ မြို့တော်သတ်မှတ်ရေးနဲ့ စပ်လျဉ်းပြီးလည်း နိုင်ငံတော်၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံတစ်ဝန်းသို့ အလွယ်တကူလက်လှမ်းမီစွာ အုပ်ချုပ်နိုင်ပြီး နိုင်ငံတော်မှ ဗဟိုရုံးများ ရုံးစိုက်ရာ နေပြည်တော် မြို့တော်ကို နိုင်ငံ့မြို့တော်အဖြစ် သတ်မှတ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သို့ဖြစ်၍–

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်များဟာ သင့်မြတ်ဆီလျော်မှုရှိပါသဖြင့် နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်အခန်းနှင့် စပ်လျဉ်းသည့် ရှင်းလင်းချက်များကို ဆက်လက်သုံးသပ်တင်ပြရမည်ဆိုလျှင် အောက်ပါ သဘောထားများ ရရှိပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် အတည်ပြုပြဋ္ဌာန်းလိုက်သည်နှင့် အခြေခံဥပဒေအသစ် မပြဋ္ဌာန်းမီ ကာလနှင့် အသွင်မတူသည့် အသွင်သစ် အခြေအနေပေါ်ပေါက်လာပြီး အသွင်ကူးပြောင်းသည့် ကာလတစ်ရပ် လိုအပ်လာသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အသွင်ကူးပြောင်းရေးကာလ ပြဋ္ဌာန်းထားရှိရန် လိုအပ်ကြောင်း သိရှိရပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ထက်ဝက်ကျော်၏ ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတစ်ဝန်း အာဏာတည်ရှိလာမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ထိုသို့ အသွင်သစ်အခြေအနေသို့ အသွင်ကူးပြောင်းနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် အစည်းအဝေး မကျင်းပမီ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရန်ရှိသည်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အချုပ်အခြာအာဏာကိုခံယူပြီး တည်ဆဲဥပဒေများကို ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ အခြားနည်းလမ်းများဖြင့် ပြဋ္ဌာန်းခြင်းမပြုသမျှ ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။



**စာတမ်း ဖတ်ကြား**

**ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးခင်မောင်အေး ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေး ပါတီ၏ အကြံပြုချက်စာတမ်းကို ဖတ်ကြား တင်ပြစဉ်။** (သတင်းစဉ်)

အထက်ဖော်ပြချက်များ အားလုံးသည် လက်ရှိနိုင်ငံတော်က ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုရှိပြီး နောင်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သို့ ကူးပြောင်းနိုင်ရေး လိုအပ်ချက်များဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသဖြင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်များပါအတိုင်း အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဝင်မည့် နောက်ဆုံးအခန်းဖြစ်တဲ့ အထွေထွေ ပြဋ္ဌာန်းချက်များအခန်းကို သုံးသပ်ရမည်ဆိုလျှင်–

အမျိုးသားညီလာခံကြီးမှ ချမှတ်မည့် အခြေခံဥပဒေများဟာ နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်ပြီး ဥပဒေပြုလွှတ်တော်က ဥပဒေပြဋ္ဌာန်းချက်တွင်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်ချက်များဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ထို့အပြင်–

နိုင်ငံတော်အနေနှင့် အကြွင်းမဲ့အာဏာကို ကျင့်သုံးမှု မဖြစ်စေရန် နိုင်ငံတော်အစိုးရနှင့်ချုပ်ဆိုသော ပဋိညာဉ်များ၊ တာဝန်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အမည်ဖြင့် တရားစွဲဆိုနိုင်သည်။ တရားစွဲဆိုခံနိုင်သည့် အခြေခံရမည့်မူများ ချမှတ်ထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းမှု အဖွဲ့ဝင်ဦးရေ သတ်မှတ်ချက်၊ အရည်အချင်းသတ်မှတ်ချက်၊ လုပ်ထုံးလုပ်နည်းများ၊ သက်တမ်းကာလ၊ အဖွဲ့ဝင်တစ်ဦးဦးအား စွပ်စွဲပြစ်တင်နိုင်သည့် ဥပဒေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးများ၏ လုပ်ငန်းတာဝန်၊ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားများရယူရန် ခုံရုံးသို့ တိုက်ရိုက်တင်သွင်းခွင့်ရှိသူများစာရင်း၊ ခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို ဥပဒေဖြင့် ပြဋ္ဌာန်းနိုင်ရေး ကိစ္စရပ်များကို ကြောင်းကျိုးဆီလျော်စွာ ဖော်ပြပါရှိသဖြင့် အထွေထွေ ပြဋ္ဌာန်းချက်အခန်းဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးနှင့် ညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား–**

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်များကို ဉာဏ်မီသမျှ လေ့လာသုံးသပ်ခဲ့ရာမှာ ရှင်းလင်းချက်ပါ စုစည်းတင်ပြမှုအားလုံးဟာ–

နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက ဖြတ်သန်းလာခဲ့သည့် သမိုင်းသင်ခန်းစာများကို မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်ထားပြီး ပြည်သူတစ်ရပ်လုံး၏ ရေရှည်အကျိုးစီးပွားကို ဖော်ဆောင်မည့် တည်ငြိမ်ခိုင်မာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်တစ်ရပ်ဆီသို့ မလွဲဧကန် ရောက်ရှိနိုင်မည်ဖြစ်ကြောင်း ခိုင်မာစွာ ယုံကြည်ထားပါတယ်။

သို့ပါ၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ အခန်း၊ အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ပါ စုစည်းတင်ပြထားသည့် အချက်များပါအတိုင်း အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၅–၁၂–၂၀၀၆ (တနင်္လာနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | အသိဉာဏ်ပေးစိတ်ငြိမ်းအေး (အရှင်ဆေကိန္ဒ– ဟုတ်တာလုပ်ရင် ဟုတ်တာဖြစ်တယ်) |
| ၇:၂၅ | ပြည်တွင်းအနုပညာရေးရာ |
| ၇:၅၅ | တေးဂီတအစီအစဉ် |
| ၈:၀၀ | မက်မက်မောမောမက်မန်း |
| ၈:၁၀ | Management Talk (မျိုးမြတ်သူ၊ ဒေါက်တာ ခင်စန်းရီ) |
| ၈:၅၀ | တေးဂီတအစီအစဉ် |
| ၈:၅၅ | ကုန်သွယ်စီးပွားနိုင်ငံ့အား (ကုန်သွယ်မှု၏အားထားရာ ဆိပ်ကမ်းသီလဝါ) |
| ၉:၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၃၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၉:၅၅ | ဂျာမနီရုပ်ရှင်ရိုက်ကွင်း အမှတ်တရ |
| ၁၀:၁၀ | တေးဂီတအစီအစဉ် |
| ၁၀:၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၂၀ | ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (ဝက်ခြံ၊ တင်းတိပ်၊ မှဲ့နှင့်ညှင်း ကွက် ရောဂါများအကြောင်း) |
| ၁၀:၅၀ | တေးဂီတအစီအစဉ် |
| ၁၀:၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၁၀ | သဘာဝကပေးတဲ့ အကျိုး အာနိသင် |
| ၁၁:၂၅ | တေးဂီတအစီအစဉ် |
| ၁၁:၃၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၁:၃၅ | စီးပွားဖြစ်သစ်ခွစိုက်ကြအောင် |
| ၁၁:၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၅၅ | သူတို့ပြောတဲ့ သူတို့အကြောင်း (ကာတွန်းငွေကြည်နှင့် တွေ့ဆုံခြင်း) |
| ၁၂:၃၅ | တေးဂီတအစီအစဉ် |
| ၁၂:၄၀ | ထုထည်ကြီးမားထင်ရှားဧကန် ဓမ္မရုံ |
| ၁၂:၅၀ | တေးဂီတအစီအစဉ် |
| ၁:၀၀ | MRTV-4 အပိတ် Logo၊ |

**အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက်၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊မွန်းလွဲ၁နာရီမှ ည၇နာရီအထိတစ်ကြိမ်၊ ည ၇နာရီမှ နံနက်၁နာရီအထိတစ်ကြိမ်၊ နံနက်၁နာရီမှ နံနက် ၇နာရီ အထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## ရန်အောင်ကျောင်းတိုက် ကျောင်းဆောင်သစ်ဆောက်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် သန္တာ ၁၇လမ်းရှိ မဥ္ဇူကျောင်း ရန်အောင်ကျောင်းတိုက် တိုးချဲ့သုံးထပ်ကျောင်းဆောင်သစ်အတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၂ရက်က ကျင်းပရာ အလှူရှင် ဦးအေးသန်းမိသားစု၊ Mr. Shawn-H.Waမိသားစု၊ ဦးအောင်နိုင်မိသားစု၊ ဦးသိန်းလှ မိသားစု၊ ဦးခင်မောင်ထွန်း မိသားစု၊ Teddie-san-san မိသားစု၊ ဦးသိန်းနိုင်မိသားစု၊ ဦးတင်ဦးမိသားစု၊ ဦးအောင်ဝင်းအောင် မိသားစု၊ ဦးဟော်ဘိန်း မိသားစု၊ မဝင်းဝင်းရီမိသားစု၊ မဝါဝါ မိသားစုတို့က အက်ဖ်အီးစီ ၂၃၇၀နှင့် စေတနာရှင်များက စုစုပေါင်းအလှူငွေ ကျပ်သိန်း၂၀၀ကို ဆရာတော် ဘဒ္ဒန္တ သုနန္ဒထံ ဆက်ကပ်လှူဒါန်းကြရာ ဆရာတော်က ရေစက်ချ အနုမောဒနာ တရားဟောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါကျောင်းဆောင်အတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက ကျောင်းဆောင်ဖြစ်မြောက်ရေး အကျိုးတော်ဆောင်အဖွဲ့ ဖုန်း–၆၉၀၄၄၆၊ ၀၉–၅၀–၀၂၀၂၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

25-12 (05) 1 12/25/06, 3:02 AM

# ပြင်ဆင်ချက် ဥပဒေမူကြမ်းကို တင်သွင်းသည့်အခါ ပြည်ထောင်စုလွှတ်တော်သို့ တိုက်ရိုက်တင်သွင်းခွင့်မပြုဘဲ ပြဋ္ဌာန်းချက်တစ်ရပ် သတ်မှတ်ထားရှိပြီး ထိုပြဋ္ဌာန်းချက်နှင့်ကိုက်ညီမှသာ တင်သွင်းစေသင့်




ရန်ကုန် ဒီဇင်ဘာ ၂၄

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် ဒီဇင်ဘာ၂၂ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော ‘ဝ’အမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**

လေးစားအပ်တဲ့ သဘာပတိကြီးနဲ့တကွ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနဲ့ ကော်မတီဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနဲ့ ကော်မတီဝင်များနဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ အမျိုးသား ညီလာခံကိုယ်စားလှယ် ဦးညီပလုပ် ဖြစ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေး နဲ့စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်း ပြောကြားချက်များအပေါ် ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ အပြုသဘော ဆောင်တဲ့ ဆွေးနွေးအကြံပြုချက်များကို တင်ပြသွားမှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခန်းတစ်ခန်းအဖြစ် ပါဝင်မယ့် “ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း”နဲ့ စပ်လျဉ်း၍ နိုင်ငံ တစ်နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းပြီးတဲ့နောက် အခြေအနေနဲ့ အချိန်ကာလအလျောက် ပြင်ဆင်ဖို့လိုအပ်လာရင် ပြင်ဆင်ပေးရမှာ ဖြစ်ပါတယ်။ ခေတ်အခါပြောင်းလဲသည်နှင့်အမျှ ဥပဒေအရပ်ရပ်သည်လည်း ဟောင်းနွမ်းဆွေးမြည့်၍ ခေတ်နဲ့မလျော်ညီတော့ခြင်းများ ဖြစ်တတ်ပါတယ်။ အချို့ကို ပြင်ဆင်ဖြည့်စွက်ရန်လို၍ လာသလို၊ အချို့ကိုမူ လုံးဝဖျက်သိမ်းရန် လိုအပ်လာမှာဖြစ်ပါတယ်။ ပြောင်းလဲလာသောခေတ်နှင့်အညီ တရားဥပဒေလဲ ခေတ်မီအောင် ဥပဒေသစ်များကို တီထွင်ပြဋ္ဌာန်းရသည်များလည်း ရှိမှာဖြစ်ပါတယ်။ အခြေခံဥပဒေသည် ပြည်ထောင်စုရဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ ပေါ့ပေါ့ လွယ်လွယ်နဲ့ ပြင်ဆင်ဖြည့်စွက်ရန် ရရှိစေခြင်းများ မထားသင့်ပေ။ အထူးသဖြင့် ပြည်သူတို့ရဲ့ အခြေခံအခွင့်အရေးများကို ထိပါးသော ပြင်ဆင်ခြင်းမျိုး မပြုနိုင်အောင် အထူးသတိပြု ရှောင်ရှားရမှာ ဖြစ်ပါတယ်။ အဲဒီလို ပြင်ဆင်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သီးခြားအခန်းဖြင့် ပြဋ္ဌာန်းထားရန် လိုအပ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့အကြောင်း ပေါ်ပေါက်လာရင် မည်သည့် နည်းဖြင့် ပြင်ဆင်ရမယ်ဆိုတာ သတ်မှတ်ထားဖို့ လိုပါတယ်။ အဲဒီလိုပြင်ဆင်ဖို့ နည်းလမ်းသတ်မှတ်ရာမှာ ဥပဒေကြမ်းအဖြစ် အဆိုပြုတင်သွင်းစေသင့်ပြီး ယင်းဥပဒေကြမ်းတွင် အခြားအဆိုပြုချက်များ မပါရှိစေဘဲ ပြင်ဆင်လိုသည့် ပြဋ္ဌာန်းချက်များကိုသာ ထည့်သွင်းဖော်ပြဖို့ သတ်မှတ်ထားသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နောင်ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တွင် ပြည်သူ့ လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ရှိပြီး ယင်းလွှတ်တော် နှစ်ရပ်ပေါင်းကို ပြည်ထောင်စုလွှတ်တော်လို့ခေါ်ပြီး အဲဒီပြည်ထောင်စုလွှတ်တော် ကသာ ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းသွားမှာ ဖြစ်ပါတယ်။

ပြင်ဆင်ချက်ဥပဒေမူကြမ်းကို တင်သွင်းတဲ့အခါ ပြည်ထောင်စုလွှတ်တော် သို့ တိုက်ရိုက် တင်သွင်းခွင့် မပြုသင့်ဘဲ ပြဋ္ဌာန်းချက်တစ်ရပ် သတ်မှတ်ထား ရှိပြီး အဲဒီပြဋ္ဌာန်းချက်နဲ့ကိုက်ညီမှသာ တင်သွင်းစေသင့်ပါတယ်။

အဲဒီလိုမတင်သွင်းမီ ပြည်ထောင်စုလွှတ်တော်မှာရှိတဲ့ လွှတ်တော်ကိုယ်စား လှယ်အားလုံးအနက် စုစုပေါင်းရဲ့ နှစ်ဆယ်ရာခိုင်နှုန်းက တင်ပြမှသာ ပြည်ထောင်စု လွှတ်တော်က လက်ခံဆွေးနွေးသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေများထဲမှာ လေ့လာတွေ့ရှိချက်များအရ ပြင်ဆင်ရမယ့် ပြဋ္ဌာန်းချက် တွေကို သက်ဆိုင်ရာအခန်း၊ ပုဒ်မတွေနဲ့ခွဲခြားပြီး ဖော်ပြထားတာ တွေ့ရှိရ ပါတယ်။

အဲဒီလို ဖော်ပြနိုင်ဖို့ဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲတဲ့အခါ ကျမှသာ အသေးစိတ်ဖော်ပြနိုင်မှာ ဖြစ်ပါတယ်။ ယခုအဆင့်ဟာ ဖွဲ့စည်းပုံအခြေ ခံဥပဒေမူကြမ်း ရေးဆွဲနိုင်ဖို့အတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်နေတဲ့ အချိန်အခါဖြစ်လို့ အခန်းအလိုက်၊ ပုဒ်မအလိုက် ဖော်ပြရန်အခြေအနေ မရှိသေးပါ။ ချမှတ်ထားပြီးဖြစ်တဲ့ အခန်းအလိုက် ခေါင်းစဉ်များအပေါ် အခြေပြု၍ မည်သည့် အခန်းကို မည်သည့်နည်းလမ်းဖြင့် ပြင်ဆင်နိုင်တယ်ဆိုတာ သတ်မှတ်ဖော်ပြ သင့်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲတဲ့အခါကျမှ ပြင်ဆင်တဲ့အခါမှာ လိုက်နာရမယ့် နည်းလမ်း၊ အခန်းနဲ့ပုဒ်မများကို အသေးစိတ်ဖော်ပြပြီး ပြဋ္ဌာန်းမှ သာလျှင် ရှင်းလင်းလွယ်ကူစေမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်မှုတစ်ရပ် ပြဋ္ဌာန်းသတ်မှတ်တဲ့အခါမှာ လွယ်ကူလွန်းအောင် ပြဋ္ဌာန်းသတ်မှတ်ထားပါက အကျိုးရှိသင့်သလောက် ရှိသလို၊ အလွန်အမင်းတင်းကျပ်ပြီး ခက်ခက်ခဲခဲသတ်မှတ် ပြဋ္ဌာန်းခဲ့ပြန်သော် အကျိုး ယုတ်လျော့စေမှာ ဖြစ်ပါတယ်။ ထို့ကြောင့် ဥပဒေတစ်ရပ် ပြင်ဆင်သတ် မှတ်ဖို့ လိုအပ်လာရင် မတင်းလွန်း၊ မလျော့လွန်းတဲ့ နည်းစနစ်ဖြင့် ပြင်ဆင် သတ်မှတ်ပြဋ္ဌာန်းပါက အကျိုးပိုမိုရရှိစေမှာ ဖြစ်ပါတယ်။

ဒါကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းနဲ့ စပ်လျဉ်းတဲ့ စုစည်းချက်(၄)ချက်သည် လျော်ကန်သင့်မြတ်ပါသဖြင့် အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုဆွေးနွေး တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် အခန်းအလိုက် ခေါင်းစဉ်များအနက် “နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း”အတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းပြီး ဆက်လက်ဆွေးနွေး အကြံပြုသွားမှာ ဖြစ်ပါတယ်။

လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံတိုင်းမှာ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ နိုင်ငံတော်သီချင်းနဲ့ မြို့တော်များကို သတ်မှတ်ထားလေ့ ရှိကြပါတယ်။ အဲဒီလို သတ်မှတ်တဲ့နေရာမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြ ပြဋ္ဌာန်းတဲ့ နိုင်ငံများရှိသလို ဥပဒေပြုလွှတ်တော်များက သီးခြားဥပဒေ ပြဋ္ဌာန်းပြီး ဆောင်ရွက်ကြတဲ့ နိုင်ငံများလည်း ရှိကြတာကို လေ့လာတွေ့ရှိရပါ တယ်။



**စာတမ်း ဖတ်ကြား**

**‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ပါတီမှ ဦးညီပလုပ် ‘ဝ’အမျိုးသားဖွံ့ဖြိုး တိုးတက်ရေး ပါတီ၏ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြစဉ်။**

(သတင်းစဉ်)

ဦးစွာ နိုင်ငံတော်အလံနဲ့စပ်လျဉ်းပြီး ရိုးသားပွင့်လင်းစွာနဲ့ အပြုသဘော ဆောင်တဲ့ ဆွေးနွေးမှုဖြင့် အကြံပြုလိုပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်အလံကို သတ်မှတ်ကြရာမှာ သက်ဆိုင်ရာ နိုင်ငံများအနေနဲ့ မိမိတို့ရဲ့နိုင်ငံမှာ ဖြစ်ပေါ်နေခဲ့တဲ့ သမိုင်းကြောင်းကို အဓိကအခြေခံထားရှိပြီး သတ်မှတ်ထားလေ့ရှိကြပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် တွင် နှစ်ကာလ ကြာရှည်စွာကပင် တိုင်းရင်းသားလူမျိုးများသည် အေးအတူ ပူအမျှ ချစ်ခင်ရင်းနှီးစွာ စုပေါင်းနေထိုင်ခဲ့ကြတဲ့အလျောက် အမျိုးသားညီလာခံ ကလဲ “နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်” ဟူ၍လည်းကောင်း၊ “နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများစသည့် နိုင်ငံတော်၏နယ်မြေ အပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရ”ဟူ၍ လည်းကောင်း အခြေခံမူများ ချမှတ်ခဲ့ပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း ပြည်ထောင်စုသားအားလုံး ဥမကွဲ သိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်ကြတဲ့ ပြည်ထောင်စုနိုင်ငံတော် ဖြစ်ပါတယ်။ နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အေးချမ်းသာယာ အောင်နဲ့ တိုင်းရင်းသားများအားလုံး ချစ်ခင်ရင်းနှီး ညီညွတ်စွာ စည်းစည်းလုံးလုံး ရှိခြင်းတို့ကို အဓိပ္ပာယ်ဖော်ဆောင်ပေးနိုင်တဲ့ အလံတော်ဖြစ်ဖို့ လိုအပ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အလံနှင့်စပ်လျဉ်းပြီး–

**“၁။ နိုင်ငံတော်အလံကို အောက်ပါအတိုင်း သတ်မှတ်ရမည်၊ နိုင်ငံတော် အလံတွင် အစိမ်းရောင်၊ အဝါရောင်နှင့် အနီရောင်တို့ကို အလျား လိုက် အချိုးညီစွာဖော်ပြပြီး အစိမ်းရောင်တွင် လက်ဝဲဘက်၌ ကြယ်ဖြူကြီးကိုအထက်ဘက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည်။**

**၂။ နိုင်ငံတော်အလံနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းရမည်။”**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် လျော်ကန်သင့်မြတ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နဲ့စပ်လျဉ်း၍ နိုင်ငံတော်ရဲ့သမိုင်းကြောင်း၊ နိုင်ငံရဲ့ယဉ်ကျေးမှု၊ နိုင်ငံနဲ့လူမျိုးရဲ့ ထုံးတမ်းစဉ်လာများကို ထင်ဟပ်စေတဲ့ အထိမ်းအမှတ်တံဆိပ် ဖြစ်ခြင်းကြောင့် လည်းကောင်း၊

နိုင်ငံတော်သီချင်းနဲ့ စပ်လျဉ်း၍ လက်ရှိအသုံးပြုနေတဲ့ နိုင်ငံတော်သီချင်းဟာ ရာစုနှစ် တစ်ဝက်ကျော်ပြီဖြစ်တဲ့အပြင် အမျိုးသားညီလာခံက ချမှတ်ခဲ့တဲ့ အခြေခံရမယ့်မူများမှာ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊ မိမိတို့ရဲ့ ဘိုးဘွားအမွေအနှစ်ဖြစ်တဲ့ ပြည်ထောင်စု အမြဲတည်တံ့စေဖို့ ထိန်းသိမ်းရေး၊ ပြည်ထောင်စုကို အသက်ပေးကာကွယ်ရေး၊ ပြည်ထောင်စုအကျိုးကို ညီညွတ် စွာထမ်းဆောင်ရေးဆိုတဲ့ စာသားများပါရှိ၍ သီချင်းသံစဉ်သည်လည်း အမျိုးသား ဓာတ်သွေး၊ ဓာတ်မာန် မြင့်တက်စေခြင်း၊ မျိုးချစ်စိတ်၊ နိုင်ငံတော်ချစ်စိတ် ပိုမို လှုံ့ဆော်ပွားများစေနိုင်ခြင်းစတဲ့ စွမ်းရည်များ ပြည့်စုံလျက်ရှိ၍လည်းကောင်း၊

နေပြည်တော်ကို နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်ရေးနဲ့စပ်လျဉ်း၍ နေပြည်တော်သည် နိုင်ငံတော်၏အလယ်ဗဟို အချက်အချာကျတဲ့ နေရာတွင် တည်ရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ဗဟိုရုံးများ ရုံးစိုက်ထားရာနေရာဖြစ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေခြင်းတို့ကြောင့်လည်းကောင်း စတဲ့ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ကျိုးကြောင်း ဖော်ပြချက် များသည် ပြည့်စုံဆီလျော်မှုရှိတဲ့အတွက် အထူးဆွေးနွေးရန်မလိုဘဲ အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း ဆွေးနွေးအကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အခန်းတစ်ခန်းအဖြစ်ပါဝင်မယ့် ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနဲ့ စပ်လျဉ်း၍ ဆက်လက်ဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပြဋ္ဌာန်းတဲ့အခါ အဲဒီလို မပြဋ္ဌာန်းမီကာလက တည်ရှိတဲ့ တိုင်းပြည်ရဲ့ အခြေအနေနဲ့ ပြဋ္ဌာန်းပြီးနောက် တည်ရှိလာတဲ့ အခြေ အနေတွေဟာ တစ်ခုနဲ့တစ်ခု တူညီကြမှာမဟုတ်ပါ။ အသွင်တစ်မျိုးမှ အခြား အသွင်တစ်မျိုးကို ကူးပြောင်းလာတတ်ပါတယ်။ ဒီလို ကူးပြောင်းတဲ့ အခါမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့ အဓိကမဏ္ဍိုင်များနဲ့ စီးပွားရေး၊ လူမှုရေးအဆောက်အအုံတို့လဲ ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။

ဒီလို အကူးအပြောင်းကာလမှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာများဟာ စဉ်ဆက်မပြတ်တည်ရှိနေဖို့နဲ့ ထပ်မံဆောင်ရွက်ရမယ့် ပဋိညာဉ်၊ တာဝန် ဝတ္တရားတွေဟာလည်း စဉ်ဆက်မပြတ်တည်ရှိနေဖို့ ကူးပြောင်းရေးကာလပြဋ္ဌာန်း ချက်များအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းပေးရန် လိုအပ် ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲပြီးနောက် အဲဒီဥပဒေမှာ အာဏာ တည်ရမယ့် နေ့ရက်ကို ဖော်ပြထားရှိမှသာ ဖော်ပြပါနေ့ရက်တွင် အာဏာတည်မှာ ဖြစ်ပါတယ်။

ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များနဲ့ စပ်လျဉ်းပြီး ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာကြည့်တဲ့အခါမှာ နိုင်ငံအများရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေများမှာ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များကိုလည်း ထည့်သွင်း ပြဋ္ဌာန်းထားတာကို လေ့လာတွေ့ရှိရပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ သော်လည်းကောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာသော်လည်းကောင်း ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ ပြဋ္ဌာန်းထားရှိလျက်ရှိတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ ကူးပြောင်းရေး ကာလပြဋ္ဌာန်းချက်များနဲ့ ပတ်သက်ပြီး ရှင်းလင်းပြောကြားချက်များဟာ ကမ္ဘာ့ နိုင်ငံများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ လေ့လာတွေ့ရှိချက်များနဲ့ မိမိတို့နိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ များကို ပေါင်းစပ်၍ အသေးစိတ်လေ့လာသုံးသပ်ပြီး နောင်ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ဆက်စပ်လိုက်လျောညီထွေမှုရှိအောင် ရေးသားဖော်ပြ ထားတာဖြစ်တဲ့အတွက် ပြည့်စုံလုံလောက်မှုရှိပြီး ကူးပြောင်းရေးကာလ ပြဋ္ဌာန်း ချက်များအတွက် စုစည်းချက် (၈)ချက်ဟာ လျော်ကန်သင့်မြတ်မှု ရှိပါသဖြင့် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြ အပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် အထွေထွေ ပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမယ့်မူ များနဲ့စပ်လျဉ်း၍ ဆက်လက်ဆွေးနွေး အကြံပြုတင်ပြသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဟာ သက်ဆိုင်ရာနိုင်ငံအနေနဲ့ ဖြတ်သန်းလာခဲ့ရတဲ့ သမိုင်းကြောင်းကို ရောင်ပြန်ဟပ်လျက်ရှိပြီး နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်မှုကို သရုပ်ဖော်တဲ့ ပင်မဥပဒေဖြစ်ပါတယ်။ နိုင်ငံတော် အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာနဲ့ တရားစီရင်ရေးအာဏာများကို မည်သို့မည်ပုံ ခွဲဝေကျင့်သုံးမည်၊ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်များကို မည်သို့မည်ပုံ ဖော်ဆောင်မည်စသည့် နိုင်ငံတော်အတွင်းရှိ အခြားဥပဒေအားလုံးရဲ့ ကျောရိုးမဏ္ဍိုင်ဥပဒေဖြစ်တဲ့အတွက် ဥပဒေအားလုံးဟာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ လိုက်လျောညီထွေရှိဖို့ လိုအပ်ပါတယ်။

ဒါကြောင့် “ဤဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေ အားလုံး၏ အခြေခံဥပဒေဖြစ်သည်”ဆိုတဲ့ စုစည်းချက် အပိုဒ်(၁)ကို အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်တာဟာ သင့်လျော်မှန်ကန်ပါကြောင်း ဆွေးနွေး တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်အခြေခံမူများ ချမှတ် စဉ်အခါက အထွေထွေပြဋ္ဌာန်းချက်များနဲ့စပ်လျဉ်းပြီး ချမှတ်ခဲ့တဲ့မူများအနက်–

(၁) **မြန်မာစာသည် ရုံးသုံးစာဖြစ်သည်၊**

(၂) **နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေ ပြဋ္ဌာန်းရာတွင်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ် ဖွင့်ဆို ရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်**

လို့ ပါရှိပါတယ်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

စာမျက်နှာ ၆ မှ

မြန်မာစာဟာ နိုင်ငံတော်အတွင်း နေရာဒေသ အနှံ့အပြားမှာ သုံးစွဲကြလျက်ရှိတဲ့စာဖြစ်ပါတယ်။ ပြည်သူများနဲ့ အစိုးရအဖွဲ့အစည်းများအကြား ဆက်သွယ်ဆောင်ရွက်ရာမှာရော၊ အစိုးရအဖွဲ့အစည်းအချင်းချင်း ဆက်သွယ်ရာမှာပါ သုံးစွဲလျက်ရှိကြတဲ့ စာဖြစ်ပါသဖြင့် တစ်ပြေးညီဖြစ်စေဖို့နဲ့ အယူအဆကွဲပြားခြင်းမရှိစေဘဲ ရှင်းလင်းလွယ်ကူစွာ အသုံးပြုနိုင်ဖို့အတွက် မြန်မာစာကို ရုံးသုံးစာအဖြစ် အသေးစိတ်အခြေခံရမယ့်မူအဖြစ် သတ်မှတ်ပြဋ္ဌာန်းတာဟာ သင့်လျော်ပါတယ်။

နောက်ပြီး နိုင်ငံတော်အခြေခံမူဟာ ဥပဒေများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာမှာ လိုက်နာရမယ့် လမ်းညွှန်ဖြစ်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း၊ လိုက်နာရမယ့် အခြေခံမူဟာ အမှန်တကယ်မှန်ကန်ပါသဖြင့် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်တာဟာ လျော်ကန်သင့်မြတ်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးတဲ့နောက် အတည်ပြုပြဋ္ဌာန်းပြီးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်တစ်ခုရဲ့ အနက်အဓိပ္ပာယ်ဟာ မည်သည့်အဓိပ္ပာယ်ကို ဆိုလိုကြောင်း သီးခြားဖွင့်ဆိုထားခြင်းမရှိခဲ့ပါက အဲဒီစကားရပ်ရဲ့ အနက်အဓိပ္ပာယ်ကို ကောက်ယူရာမှာ ကိုးကားဖို့ ဥပဒေတစ်ရပ်လိုအပ်လာရင် တည်ဆဲဥပဒေတစ်ရပ်ဖြစ်တဲ့ စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို ကိုးကားသင့်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အဲဒီနိုင်ငံရဲ့ သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပါတယ်။ နိုင်ငံတိုင်းဟာ မိမိတို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံရဲ့ ရေမြေသဘာဝ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဖြစ်ပေါ်ခဲ့တဲ့ သမိုင်းကြောင်း၊ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ အခြေအနေအရပ်ရပ်နဲ့ လိုက်လျောညီထွေမှုရှိအောင် အခြေခံပြီး ရေးဆွဲကြတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ မော်ကွန်းသက်သေအဖြစ် သတ်မှတ်ထားရှိရမယ့် သမိုင်းအထောက်အထားဖြစ်တဲ့အတွက် အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ စာမူကို နှစ်ကာလ သက်တမ်းကြာမြင့်စွာ မပျက်မစီးအောင် ထိန်းသိမ်းထားရှိဖို့နဲ့ အဲဒီစာမူဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ် သက်သေအရာတည်စေမယ့် စာမူဖြစ်ရမှာ အမှန်ဖြစ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရေးအတွက် သက်ဆိုင်ရာ အခန်းအလိုက်ခေါင်းစဉ်အောက်မှာ အခြေခံရမယ့်မူတွေကို ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက အထွေထွေပြဋ္ဌာန်းချက်များ အခန်းအတွက် အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်ရန်သင့်၊ မသင့် ရှင်းလင်းပြောကြားခဲ့တဲ့-

ပြည်ထောင်စုကသာလျှင် လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားတဲ့ စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ်ကို နိုင်ငံတော်အကျိုးစီးပွားအလို့ငှာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အစည်းကဖြစ်စေ၊ သမဝါယမ အဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်း၊ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ၊ အစိုးရနဲ့ဖက်စပ် လုပ်ကိုင်ရန်သို့မဟုတ် စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်နိုင်ရန် အသေးစိတ် အခြေခံရမယ့်မူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့ အခြားနိုင်ငံအစိုးရတို့ချုပ်ဆိုအတည်ပြုခဲ့တဲ့ စာချုပ်များ၊ သဘောတူညီချက်များမှ ထွက်ပေါ်လာတဲ့ တရားမျှတသည့် တာဝန်များကို အခြားနိုင်ငံက မြန်မာနိုင်ငံနဲ့ စပ်လျဉ်းပြီး ထားရှိအပ်တဲ့ ပဋိညာဉ်များကို လေးစားပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကလဲ လေးစားရမှာဖြစ်သလို ဤဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာမတည်မီက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့ ချုပ်ဆိုထားခဲ့တဲ့ ပဋိညာဉ်များနဲ့ စပ်လျဉ်းလို့ဖြစ်စေ၊ တာဝန်များနဲ့ စပ်လျဉ်းလို့ဖြစ်စေ နစ်နာဆုံးရှုံးမှုအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အား တရားစွဲဆိုနိုင်သော အခွင့်အရေး၊ တရားစွဲဆိုခြင်းကို ခံနိုင်ရေးစတဲ့ အသေးစိတ် အခြေခံရမယ့်မူများ သတ်မှတ်ပြဋ္ဌာန်းတာဟာ သင့်လျော်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

အမျိုးသားညီလာခံက အထွေထွေပြဋ္ဌာန်းချက်များနဲ့စပ်လျဉ်းပြီး ချမှတ်ထားခဲ့ပြီးဖြစ်တဲ့အခြေခံရမယ့်မူများထဲမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတစ်ရုံးဖွဲ့စည်းဖို့နဲ့ ခုံရုံးက ဆောင်ရွက်ရမယ့်လုပ်ငန်း တာဝန်များလဲပါရှိပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးရဲ့ လုပ်ငန်းတာဝန်များဟာ အထူးပင် အရေးပါတာဝန်ကြီးပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုအပ်လျှင် အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးဖို့ကိစ္စ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ အငြင်းပွားမှုများ ပေါ်ပေါက်လာရင် အဲဒီအငြင်းပွားမှုများကို အဆုံးအဖြတ်ပေးဖို့ကိစ္စများ ဆောင်ရွက်ဖို့တာဝန်ရှိပါတယ်။

ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရေး၊ ခုံရုံးအဖွဲ့ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်ဦးရေ သတ်မှတ်ရေး၊ တာဝန်ပေးအပ်ရေး၊ အဖွဲ့ဝင်များ ရှိသင့်တဲ့ အရည်အချင်း၊ တာဝန်ထမ်းဆောင်ရမယ့် သက်တမ်းကာလ၊ ခုံရုံး အဖွဲ့ဝင်တစ်ဦးဦးက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အား ဖောက်ဖျက်ကျူးလွန်ပါက စွပ်စွဲပြစ်တင်ခြင်းစတဲ့ အသေးစိတ်အခြေခံရမယ့်မူများ စုစည်းချက်(၁၀)မှ (၂၆)အထိဟာ လျော်ကန်သင့်မြတ်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား-**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနဲ့ အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်အရ ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံမူများဟာ ကဏ္ဍအလိုက် ဆီလျော်သင့်မြတ်မှု ရှိတဲ့အတွက် အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း ကျွန်တော်တို့ 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

## နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေ ပြဋ္ဌာန်းရာတွင်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်။



## သမင္ဂကာရီနှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် တိပိဋကမဟာဂန္ထဝင်နိကယ်ကျောင်းတိုက်အတွင်း၌ အလှူရှင် ၃၂ဦးတို့ စုပေါင်း၍ ဆောက်လုပ်လှူဒါန်းသော သမင္ဂကာရီ၂၈ပါးနေ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲမင်္ဂလာနှင့် ကမ္ပည်းကျောက်စာတော်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ၂၁ရက်က အဆိုပါကျောင်းရှေ့တွင်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက ကမ္ပည်းကျောက်စာတော်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသဆရာတော်၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသနှင့် ငွေကျပ်သိန်း ၈၅၀ မတည်ငွေ အလှူရှင် ဦးတင်ဝင်း-ဒေါ်ခင်ကြည်တို့က သမင္ဂကာရီကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ) (က-ပ)**

**သာယာမည်**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် (ယနေ့) သာယာမည်။**





**ခင်ပွန်း ဦးကျော်စိန်၊ သား မောင်မျိုးနိုင်၊သမီး မနှင်းဦးခိုင် တို့အားရည် စူး ၍ အမှတ် ၃၉ အခန်း ၄ ဗိုလ်ရှင်းရေအိုးစင်လမ်း ကျောက်မြောင်း တာမွေမြို့နယ်နေ ဒေါ်အမာနှင့် သား သမီး မြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းအောင် လက်ခံယူစဉ်။** (က-ပ)

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၈ ခုနှစ် ပြာသိုလဆန်း၅ရက် (အဖိတ်နေ့)**
**၂၅-၁၂-၂၀၀၆ ရက် (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၅ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၈း၁၀ | ၆။ | ချစ်စရာ့အရွယ် ကကြိုးသွယ် |
| ၈း၂၅ | ၇။ | ရဲနွယ်ရေလှောင်တမံ |
| ၈း၃၀ | ၈။ | International News |
| ၈း၄၅ | ၉။ | Grammar made Easy |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | Practice in Reading |
| ၁၆း၄၀ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ] |
| ၁၆း၅၅ | ၅။ | အကပဒေသာ |
| ၁၇း၀၅ | ၆။ | မြန်မာစာ မြန်မာစကား |
| ၁၇း၁၅ | ၇။ | မြန်မာ့ရိုးရာတောဓလေ့ ကျေးလက်တေးသံများ |
| ၁၇း၂၅ | ၈။ | **"အားဆေး"** မိုးဒီ၊ ဇော်ထက်အောင်၊ ဆောင်းအိန္ဒြေထွန်း (ဒါရိုက်တာ-စောစန္ဒာလှိုင်) |
| ၁၇း၃၀ | ၉။ | တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း) |
| ၁၇း၄၀ | ၁၀။ | (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် |
| ၁၈း၀၀ | ၁၁။ | ညနေခင်းသတင်း |
| ၁၈း၃၀ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၁၈း၃၅ | ၁၃။ | နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း-၃၆) |
| ၁၈း၅၅ | ၁၄။ | အလှရှာမယ် လှကမ္ဘာဝယ် |
| ၁၉း၀၅ | ၁၅။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ညီမ ငယ်ပါသေး"** (အပိုင်း-၁) |
| ၁၉း၅၀ | ၁၆။ | အချုပ်အခြာအာဏာခွန့်ရှည်ကြာခိုင်မာစေမှု ဒို့ရှေးရှု **"ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ခမ်းနားထွန်းပေါ် မြန်မာနိုင်ငံတော်"** |
| ၂၀း၀၀ | ၁၇။ | ပြည်တွင်းသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း-၁၁) |

## စာရင်းအင်းပညာဌာန အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန် စီးပွားရေးတက္ကသိုလ် စာရင်းအင်းပညာဌာန ရွှေရတု အထိမ်းအမှတ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၃၀ရက်(စနေနေ့)နံနက် ၈နာရီခွဲတွင် ရန်ကုန်စီးပွားရေး တက္ကသိုလ်(ကမာရွတ်) အခန်း(၁၀)၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စာရင်းအင်းပညာ ဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြား နိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## သတင်းဆောင်းပါး ဝေဝေဆာဆာဖြင့် ဖလားဝါးနယူးစ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၄

**ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၅၁)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ ကျပ်သန်း၁၃၀၀ကုန် စစ်တွေဆိပ်ခံတံတား မကြာမီပြီးစီးတော့မည်၊ အသက်၆၅နှစ်ပြည့်မှ ပင်စင်ယူရမည်ဆိုသော သတင်း မဟုတ်မမှန်၊ မြန်မာ-တရုတ် နယ်စပ်ပြည်သူများ ချစ်ကြည်ရေး နှစ်၅၀ပြည့်ပွဲ မန်စီတွင်ကျင်းပ၊ မြန်မာ-တရုတ် ကုန်စည်ပြပွဲ ရှုရှားစီးပွားရေးသမားများ လာရောက်လေ့လာ၊ ၂၀၀၇တွင် ကြုံတွေ့ရမည့် နေကြတ်ခြင်း၊ လကြတ်ခြင်းများ ကြည့်ရှုလိုပါက စာရင်းသွင်းနိုင်ပြီ စသည့် ပြည်တွင်းရေးရာ သတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။**

**ကမ္ဘာ့အရပ်အမြင့်ဆုံး အမျိုးသားကြီးကြောင့် လင်းပိုင်နှစ်ကောင် အသက်ချမ်းသာရာရစေခဲ့၊ ပြတိုက်သို့ဝင်တော့မည့် ချယ်ယာမင်မော်၏ လေယာဉ်၊ ၂၀၀၇ခုနှစ်တွင် အိန္ဒိယ၌ လက်ကိုင်ဖုန်းသုံးပြီး သန်း၂၅၀ ဖြစ်ရန်ရှိ၊ ကမ္ဘာ့ပထမဆုံး ပုံတူမျိုးပွားကြောင်မကလေး မိခင်ဖြစ်ပြီ၊ အဂတိလိုက်စားမှု သတင်းများ ပို၍တင်ပြရန် ထိုင်းဝန်ကြီးချုပ်တိုက်တွန်း စသည့် နိုင်ငံတကာသတင်းများ၊ "ပိုကောင်းလာတဲ့ ဒရော့ဘာ"အားကစားသုံးသပ်ချက်ဆောင်းပါး၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။** (သတင်းစဉ်)





# ဘက်စုံစီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်

ရှင်းလင်းတင်ပြ

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းအား လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြစဉ်။** (သတင်းစဉ်)

● ကျောဖုံးမှ

## လှည့်လည်ကြည့်ရှု

ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မိတ္ထီလာသို့ မရောက်မီ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် မိတ္ထီလာကန်ကို ရေဖြည့်ပေးမည့် ချောင်းကောက်၊ လွန်ငင်၊ လက်ခုပ်ပင်၊ ညောင်ကုန်းရေလှောင်တမံများနှင့် ယင်းရေလှောင်တမံများကို ဆက်သွယ်ထားသည့် တူးမြောင်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မိတ္ထီလာမြို့သို့ရောက်ရှိကြရာ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရှင်းလင်းတင်ပြရာတွင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် စီမံကိန်းငါးခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

## ကျိုင်းခမ်းရေလှောင်တမံစီမံကိန်း

ပထမစီမံကိန်းမှာ ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျိုင်းခမ်းကျေးရွာအနီး နမ့်အက်ချောင်းပေါ်၌ ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ကျိုင်းခမ်း ရေလှောင်တမံ စီမံကိန်းပြီးစီးပါက မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ရေကူရေဖြည့်ပေးနိုင်မည်ဖြစ်ပြီး ရေအားလျှပ်စစ် ၆ မဂ္ဂါဝပ်လည်း ထုတ်ယူရရှိမှာဖြစ်ပါကြောင်း။

ဒုတိယစီမံကိန်းမှာ ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် အင်တောကျေးရွာအနီး ဇော်ဂျီမြစ်ပေါ်၌ ဇော်ဂျီရေလှောင်တမံဘက်စုံစီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြစ်ပြီး ဤစီမံကိန်းမှာ အကောင်အထည်ဖော် ပြီးစီးပြီးဖြစ်ကြောင်း၊ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ဇော်ဂျီရေလှောင်တမံကို ရေကူရေဖြည့်ပေးမည့်တမံမှာ ကျိုင်းခမ်းရေလှောင်တမံ ဖြစ်ပါကြောင်း။

## မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း

ဇော်ဂျီရေလှောင်တမံ အောက်ပိုင်း၌ တည်ရှိသည့် ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး ဇော်ဂျီမြစ်ပေါ်၌ တည်ဆောက်လျက်ရှိသည့် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်လျက်ရှိသော တတိယစီမံကိန်းဖြစ်ပါကြောင်း၊ ယင်းမြို့ကြီးရေလှောင်တမံမှ ရေကို မြို့ကြီးရေလွှဲဆည်၊ ထိုမှတစ်ဆင့် ကင်းတားရေပေးဝေရေး တူးမြောင်းတို့မှ မိတ္ထီလာလွင်ပြင်သို့ ပေးဝေသွားမည်ဖြစ်ပါကြောင်း။

စတုတ္ထစီမံကိန်းအနေဖြင့် မိတ္ထီလာကန်ကို ရေကူရေဖြည့်ပေးမည့် ချောင်းကောက်ရေလှောင်တမံ၊ လွန်ငင်ရေလှောင်တမံ၊ လက်ခုပ်ပင်ရေလှောင်တမံ၊ ညောင်ကုန်းရေလှောင်တမံတို့ တည်ဆောက်ခြင်းနှင့် ယင်းတမံများ တစ်ခုနှင့်တစ်ခုကို ဆက်သွယ်တူးမြောင်းများဖြင့်ဆက်စပ်ပေးခြင်း ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းများမှာလည်း ပြီးစီးပြီးဖြစ်ပါကြောင်း။

## ရှမ်းမငယ်(မုန်တိုင်ရေကူ)ရေလှောင်တမံ

ပဉ္စမစီမံကိန်းအနေဖြင့် မိတ္ထီလာမြို့နယ် ရှမ်းမငယ်ချောင်းပေါ်၌ ရှမ်းမငယ်(မုန်တိုင်ရေကူ) ရေလှောင်တမံတည်ဆောက်ခြင်းဖြစ်ပါကြောင်း၊ စီမံကိန်းပြီးစီးပါက မိတ္ထီလာကန်၏ရေသောက်ဧကများ တိုးမြင့်လာမည် ဖြစ်ပါကြောင်း။

မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ယင်းစီမံကိန်းငါးခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ၏ ထိရောက်အောင်မြင်မှုကြောင့် မိတ္ထီလာကန်၌ ရေပိုမိုဝင်ရောက်လျက် ရှိပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ အပြည့်အဝ ပြီးစီးရေးအတွက် ဆက်လက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ စီမံကိန်းလုပ်ငန်းများပြီးစီးသည်နှင့်အမျှ မိတ္ထီလာလွင်ပြင်ရှိ စိုက်ပျိုးမြေများသို့ ရေပိုမိုဖြန့်ဖြူးပေးဝေသွားနိုင်မှာ ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

## တစ်ပြိုင်တည်းဆောင်ရွက်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မြို့ကြီးရေလှောင်တမံကို တည်ဆောက်အကောင်အထည်ဖော်နေချိန်တွင် မြို့ကြီးရေလွှဲဆည် တည်ဆောက်ရေးလုပ်ငန်းကိုလည်း တစ်ပြိုင်တည်း ပြီးစီးအောင်ဆောင်ရွက်သွားရန် လိုကြောင်း၊ မြို့ကြီး ရေလွှဲဆည်မှ လွှဲပေးမည့်ရေများကို မိတ္ထီလာလွင်ပြင်သို့ အထိရောက်ဆုံး နည်းလမ်းဖြင့် ရောက်ရှိရေး စီစဉ်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ထို့အပြင် စမုံဆည်ရေကို အကျိုးရှိစွာ ပေါင်းစပ်အသုံးပြုနိုင်ရေး၊ အလားတူ ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေးတို့ကိုလည်း ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

## ရာနှုန်းပြည့်နီးပါးပြီးစီး

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက မှာကြားရာတွင် **မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ မိတ္ထီလာကန်အတွင်းသို့ ရေကူရေဖြည့်ရေး လုပ်ငန်းများမှာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း၊ ထို့ကြောင့် မိတ္ထီလာကန်အတွင်း ရေဝင်မှုအားကောင်းနေပြီဖြစ်ရာ ရည်မှန်းထားသည့်အတိုင်း စိုက်ပျိုးမြေကေများသို့ ရေတိုးမြှင့်ပေးဝေနိုင်ရေးအတွက် အလေးထား ဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း။**

**ထို့အတူ မိတ္ထီလာလွင်ပြင်၌ တည်ရှိနေသော ဆည်ငယ်၊ ကန်ငယ် အားလုံးကို မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ထိထိရောက်ရောက် အသုံးချနိုင်ရေး စီစဉ်ဆောင်ရွက်ကြရန် လိုကြောင်း။**

## တိုးချဲ့တည်ဆောက်

**ဇော်ဂျီမြစ်ရေကို ထိရောက်စွာအသုံးချနိုင်ရေးအတွက် ကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်း၊ မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းတို့ကို မိမိတို့ တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း။**

**ကျိုင်းခမ်း၊ ဇော်ဂျီ၊ မြို့ကြီး ရေလှောင်တမံတို့မှတစ်ဆင့် စီးဆင်းလာသောရေများကို မိတ္ထီလာလွင်ပြင်သို့ ပေးဝေနိုင်ရေးအတွက်သာမက ရေအားလျှပ်စစ် ပူးတွဲထုတ်လုပ်နိုင်ရေးအတွက်လည်း မိမိတို့ ကြိုးပမ်းဆောင်ရွက်နေကြောင်း။**

**ဤစီမံကိန်းများသည် ဘက်စုံအသုံးဝင်သည့် စီမံကိန်းများဖြစ်၍ အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။**

## ကွက်ပြည့်နီးပါးစိမ်းလန်း

**နိုင်ငံတော်အကြီးအကဲက အလေးထား တာဝန်ပေးထားသည့် ဤစီမံကိန်းများကို ကုန်ကျစရိတ် အနည်းဆုံးဖြင့် မြန်မြန်ပြီးစီးစေလိုကြောင်း၊ မိတ္ထီလာလွင်ပြင် ရေရရှိပြီး စိမ်းလန်းစိုပြည်လာပါက အညာဒေသတစ်ခုလုံး ကွက်ပြည့်**



မြို့ကြီးရေလှောင်တမံ

မြို့ကြီး ရေလှောင်တမံ ဘက်စုံစီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)


မြို့ကြီး

မြို့ကြီးရေလှောင်တမံကို မြေ

ပင်မတမံမှာ အလျား ၂၄၆၁ပေ၊

မြို့ကြီးရေလွှဲဆည်၊ ကင်းတားရေ

ရေအားလျှပ်စစ် မဂ္ဂါဝပ် ၃၀ပါ ပူး

**နီးပါး စိမ်းလန်း၍ ဒေသနေပြည်သူများ၏ လူနေမှုဘဝ မြင့်မားလာမှာ သေချာကြောင်း၊ ထို့ကြောင့် လုပ်ငန်းများကို စေတနာထားဆောင်ရွက်ကြရန် ဖြစ်ကြောင်း** ဖြင့် မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး ဇော်ဂျီမြစ်ပေါ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ ရေစိမ့်တား ကွန်ကရစ်နံရံတည်ဆောက်ခြင်း၊ ပင်မတမံတည်ဆောက်ခြင်း၊ ရေလွှဲဥမင် တည်ဆောက်ခြင်း၊ ရေအားလျှပ်စစ်ဥမင်တည်ဆောက်ခြင်း လုပ်ငန်းများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဦးအုန်းမြင့်က ရေလွှဲဥမင်ဖောက်လုပ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## စီမံကိန်းလုပ်ငန်းများကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို မှာကြားပြီး မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မြို့ကြီးရေလှောင်တမံကို မြေသားတမံ(ဇုန်အမျိုးအစား)အဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး ပင်မတမံမှာ အလျား ၂၄၆၁ပေ၊ အမြင့် ၂၅၈ပေရှိမည်ဖြစ်သည်။

မြို့ကြီးရေလှောင်တမံမှာ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် မြို့ကြီးရေလွှဲဆည်၊ ကင်းတားရေပေးတူးမြောင်းစနစ်၊ ထိုမှတစ်ဆင့် ရေပေးဝေမည်ဖြစ်သည့်အပြင် ရေအားလျှပ်စစ်မဂ္ဂါဝပ် ၃၀ပါ ပူးတွဲထုတ်လုပ်နိုင်မည့် စီမံကိန်းဖြစ်သည်။

## ရဲရွာရေအားလျှပ်စစ်စီမံကိန်းရောက်ရှိ

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မွန္တလေးတိုင်းတွင် မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ ရဲယမန်းကျေးရွာအနီး မြစ်ငယ်မြစ်ပေါ်၌ အမှတ် (၁)လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေးက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းက ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ အဓိကလုပ်ငန်းများ၊ ဒုဋ္ဌဝတီတံတား (ရဲရွာ) တည်ဆောက်ပြီးစီးမှု၊ ရေလွှဲဥမင်လိုဏ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရေကာကွန်ကရစ်နံရံ တည်ဆောက်ပြီးစီးမှု၊ ချဉ်းကပ်ဥမင်လိုဏ် ဖောက်လုပ်ခြင်း၊ ရေယူအဆောက်အအုံတည်ဆောက်ခြင်း၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်နေရာ၌ မြေကြီးနှင့် ကျောက်သားတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ခြင်း၊ ပင်မတမံ၌ RCC ကွန်ကရစ်သွန်းလောင်းခြင်း၊ RCC ကွန်ကရစ်သွန်းလောင်းရန် Conveyor Bolt တည်ဆောက်ခြင်း လုပ်ငန်းများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးက ရှင်းလင်းတင်ပြရာ ရဲရွာရေအားလျှပ်စစ် စီမံကိန်း RCC ကွန်ကရစ်တမံတည်ဆောက်ခြင်းလုပ်ငန်းကို မိမိတို့ အင်ဂျင်နီယာပညာရှင်များ၏ စွမ်းပကားဖြင့် တည်ဆောက်နိုင်အောင်၊ နည်းပညာများရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံခြားပညာရှင်များနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း။

ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ လုပ်ငန်းပမာဏမှာ ကြီးမားသည့်အပြင် လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများကန့်သတ်ချက်များနှင့် ကိုက်ညီအောင် အဆင့်ဆင့် ဂရုတစိုက်ဆောင်ရွက်ရသည့် စီမံကိန်းဖြစ်ပါကြောင်း၊ လုပ်ငန်းကဏ္ဍအလိုက် အရည်အသွေးပြည့်မီအောင်လည်း မိမိတို့အားလုံး အထူးအလေးထား ကြိုးစားဆောင်ရွက်လျက် ရှိပါကြောင်း။

## စနစ်တကျ ပြုစုမှတ်တမ်းတင်

မိမိတို့၏ RCC ပင်မတမံတည်ဆောက်ရေး လုပ်ငန်းများကို နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ ပညာရှင်များကလည်း လာရောက်ကြည့်ရှုလေ့လာကြပါကြောင်း တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မှတ်တမ်းများကိုလည်း စနစ်တကျ ပြုစု မှတ်တမ်းတင်ထားပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

## တတိယအကြီးဆုံး

ဆက်လက်၍ ဒုတိယဝန်ကြီးဦးမျိုးမြင့်က RCC ကွန်ကရစ်သွန်းလောင်းရာ၌ အရည်အသွေး စံချိန်စံညွှန်းများပြည့်မီအောင် အဆင့်ဆင့်စမ်းသပ်စစ်ဆေးခဲ့မှုများ၊ သတိထားသင့်သည့် ဆောင်ရန် ရှောင်ရန်အချက်များ၊ သဘာဝပိုဇိုလန်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ကမ္ဘာပေါ်၌ RCC ကွန်ကရစ်တမံများအနက် ရဲရွာရှိ RCC တမံမှာ ထုထည်ပမာဏအားဖြင့် တတိယအကြီးဆုံး၊ အမြင့်အားဖြင့် ပဉ္စမမြောက် အမြင့်ဆုံးဖြစ်ပါကြောင်း။

ထို့ကြောင့် ရဲရွာစီမံကိန်းလုပ်ငန်းများကို နိုင်ငံတကာမှ ပညာရှင်များကလည်း လာရောက် လေ့လာလျက်ရှိကြပါကြောင်း၊ စီမံကိန်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီတည်ဆောက်ပြီးစီးရေး ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက မှာကြားရာတွင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် နည်းပညာအဆင့်အတန်းမြင့်မားပြီး ခေတ်မီစက်ယန္တရားကြီးများကိုအသုံးပြု၍ တည်ဆောက်လျက်ရှိသော စီမံကိန်းဖြစ်ကြောင်း။

## များစွာအထောက်အကူပြု

၎င်းစီမံကိန်းကြီးသည် နိုင်ငံတော်၏ လူမှုစီးပွားရေးတစ်ရပ်လုံး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုသွားမည့် နိုင်ငံတော်၏ အကြီးစားစီမံကိန်းတစ်ခုဖြစ်ကြောင်း။

ထို့ကြောင့် စီမံကိန်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ အမှားအယွင်း ကင်းစင်အောင်၊ သေသေသပ်သပ်ဖြင့် လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် စီမံကိန်းလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လျက်ရှိသည့် Colenco Power Engineering Co.,Ltd. နှင့် China Gezhouba Water & Power Group Co., Ltd. တို့မှ စီမံကိန်းမန်နေဂျာများနှင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေး ညွှန်ကြားရေးမှူးဦးမြင့်ဇော်တို့အား သစ်သီးခြင်းလက်ဆောင်များကို ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ပုံစံငယ်နှင့် RCC ပင်မတမံ တည်ဆောက်ရေးလုပ်ငန်းများ၌ အသုံးပြုမည့် စစ်ဆေးတိုင်းတာရေးပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဒုဋ္ဌဝတီတံတား(ရဲရွာ) တည်ဆောက်ပြီးစီးမှု အခြေအနေကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး ချဉ်းကပ်ဥမင်လိုဏ် Inspection Gallery ဖောက်လုပ်ပြီးစီးမှုကို မော်တော်ယာဉ်များဖြင့် ဝင်ရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရေယူအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းများ၊ RCC ပင်မတမံ Stage 4B ၌ ကွန်ကရစ်သွန်းလောင်းနေမှုများ၊ ရေယူအဆောက်အအုံရှိ ဥမင်ဖောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

## ၃၅ ရာခိုင်နှုန်းကျော်ပြီးစီး

ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှာ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်နိုင်မည့် စီမံကိန်းဖြစ်ပြီး ပင်မတမံကို RCC ကွန်ကရစ်တမံအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။ ယခုအခါ စီမံကိန်းလုပ်ငန်းများ ၃၅ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်သည်။ **(သတင်းစဉ်)**

**ရဲရွာရေအားလျှပ်စစ်စီမံကိန်း ပုံစံငယ်ကြည့်ရှု**



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ရဲရွာရေအား လျှပ်စစ်စီမံကိန်း ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

**ရဲရွာ ရေအားလျှပ်စစ် စီမံကိန်း**



**ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေး လုပ်ငန်းခွင်ကို တွေ့ရစဉ်။**

(သတင်းစဉ်)

**မြို့ကြီးရေလှောင်တမံစီမံကိန်း**

**လှောင်တမံကို မြေသားတမံ(ဇုန်အမျိုးအစား)အဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး ျား ၂၄၆၁ပေ၊ အမြင့် ၂၅၈ပေရှိ။ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ၊ ကင်းတားရေပေးတူးမြောင်းစနစ်၊ ထိုမှတစ်ဆင့် ရေပေးဝေမည်ဖြစ်သည့်အပြင် ဂ္ဂါဝပ် ၃၀ပါ ပူးတွဲထုတ်လုပ်နိုင်မည့် စီမံကိန်းဖြစ်။**

# (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။



## အမျိုးသားညီလာခံကိုယ်စားလှယ်များ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို ရှင်ဂျော့ဂျ်အင်္ဂလီကန်ဘုရားရှိခိုးကျောင်း၌ဝတ်ပြုဆုတောင်း

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်မြို့ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသို့ တက်ရောက်နေကြသော အမျိုးသား ညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ဗုဒ္ဓဘာသာဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရန်ကုန်မြို့ရှိ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်၍ စေတီတော်မြတ်ကြီး အား ပန်း၊ အလင်းတိုင်နှင့် အမွှေးတိုင်များဖြင့် ဆက်ကပ်ပူဇော်ကြကာ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ကြည်ညိုကြသည်။ **(အပေါ်ပုံ)**

အလားတူ ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည်လည်း ရန်ကုန်မြို့ မင်္ဂလာဒုံ မြို့နယ် ရှင်ဂျော့ဂျ်အင်္ဂလီကန် ဘုရားရှိခိုးကျောင်းသို့ သွားရောက်ကြပြီး ဝတ်ပြုဆုတောင်းကြသည်။ **(သတင်းစဉ်)**

## သာယာမည်

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။

## အနောက်ပိုင်းခရိုင် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား အသက် ၁၅ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်၇ နာရီက ဒဂုံမြို့နယ် မိုင်တာအားကစားကွင်း၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲသို့ အသင်း ကိုးသင်း ဝင်ရောက်ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ပြည်နယ်/ တိုင်းအနှံ့ အအေးဓာတ်လွှမ်းခြုံ

**၂၄-၁၂-၂၀၀၆**

| | |
|---|---|
| နေပြည်တော် | ၁၄ ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၀ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၁ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၂ ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၃ ဒီဂရီစင်တီဂရိတ် |
| လွိုင်ကော် | ၆ ဒီဂရီစင်တီဂရိတ် |
| မင်းတပ် | ၈ ဒီဂရီစင်တီဂရိတ် |
| ဗန်းမော် | ၁၀ ဒီဂရီစင်တီဂရိတ် |
| သံတွဲ | ၁၁ ဒီဂရီစင်တီဂရိတ် |
| ရမည်းသင်း၊ ဟသ်ာတ | ၁၂ ဒီဂရီစင်တီဂရိတ် |
| မန္တလေး၊ ရွှေဘို | ၁၃ ဒီဂရီစင်တီဂရိတ် |
| ရန်ကုန်(ကမ္ဘာအေး) | ၁၄ ဒီဂရီစင်တီဂရိတ် |
| ရေး | ၁၄ ဒီဂရီစင်တီဂရိတ် |
| ပြည် | ၁၅ ဒီဂရီစင်တီဂရိတ် |

(မြန်မာ့အလင်း)

## ဂရင်းရွိုင်ရယ်ဖလားဘောလုံးပြိုင်ပွဲအောင်မြင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ သတင်းစာရှင်း

**မန္တလေး ဒီဇင်ဘာ ၂၄ (ဖက်စ်)**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် International Beverages Trading Co., Ltd . တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၆ ခုနှစ် ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဘောလုံးပြိုင်ပွဲ (Grand Royal Challenge Cup 2006 ) အောင်မြင်စွာ ကျင်းပနိုင်ခြင်းနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၃ ရက် ညနေ ၆ နာရီက မန္တလေးမြို့ ဗထူးအားကစားကွင်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ကျေးဇူးတင်

ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ “ဒုတိယ အကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဘောလုံးပြိုင်ပွဲကို မန္တလေးမြို့ ဗထူးအားကစားကွင်း၌ အောင်မြင်စွာ ကျင်းပနိုင်ခြင်းအတွက် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အားကစားဝန်ကြီးဌာနဝန်ကြီး၊ မန္တလေးမြို့တော်ဝန်၊ I.B.T.C ကုမ္ပဏီနှင့် မန္တလေးမြို့မှ ဘောလုံးအားကစားဝါသနာရှင်များကို ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ့လက်ရွေးစင်အသင်းက အာဆီယံချန်ပီယံရှစ် ပြိုင်ပွဲယှဉ်ပြိုင်ရန်ရှိပြီး မြန်မာ(ယူ-၂၃)အသင်းက အိုလံပစ်ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့ခြင်းအားဖြင့် အားသာချက် အားနည်းချက်များကို သုံးသပ်နိုင်ကြောင်း၊ **မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ယခုပြိုင်ပွဲ၌ ကြုံတွေ့ရသည့် အခက်အခဲမျိုးကို အာဆီယံချန်ပီယံရှစ်၌လည်း ကြုံတွေ့ရနိုင်ကြောင်း၊ ကစားသမားအပိုင်းနှင့် ကစားကွက်ကစားအားကို ကြိုတင်ပြင်ဆင်နိုင်ကြောင်း၊ ယခုပြိုင်ပွဲ၌ မြန်မာ(ယူ-၂၃)အသင်းမှ ကစားသမားများ ခြေစွမ်းပြကစားနိုင်ကြ၍ လက်ရွေးစင်အသင်းကြီးအတွက် အထောက်အကူဖြစ်ကြောင်း၊ မလေးရှားအသင်းကို ရှုံးခဲ့ရခြင်းမှာ မလေးရှားနည်းပြက မြန်မာအသင်းအကြောင်းကို အသေးစိတ်သိထား၍ မိမိတို့ ကစားရခက်သွားခြင်း ဖြစ်ကြောင်း၊ မလေးရှားအသင်းနှင့်ပွဲတွင် မိမိတို့အသင်း ကစားပုံ အလွန်ညံ့ကြောင်း၊** အုပ်စု နောက်ဆုံးပွဲနှင့် ပတ်သက်၍ပြော ရလျှင် ကောင်းသည့်အသင်း အနိုင်ရခြင်း ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတကာ ဖိတ်ခေါ်ပြိုင်ပွဲမျိုး၌ မလေးရှားနှစ်သင်း ဗိုလ်လုပွဲတက်သည့်သာဓကရှိကြောင်း၊ မိမိတို့အနေဖြင့် ချန်ပီယံဆုဖလား မရရအောင် အတင်းလုပ်ယူမည့်သဘောမျိုး မရှိကြောင်း၊ ပိုကောင်းသည့်အသင်း အနိုင်ရမည်ဟု ခံယူထားကြောင်း၊ ပထမ အကြိမ်ပြိုင်ပွဲနှင့် ဒုတိယအကြိမ်ပြိုင်ပွဲတို့ နှိုင်းယှဉ်လျှင် ယခုပြိုင်ပွဲကို ပိုမိုအောင်မြင် သည်ဟု ထင်ပါကြောင်း၊ ရန်ကုန်မြို့၌ နိုင်ငံတကာဘောလုံးပြိုင်ပွဲကျင်းပရန် အခက်အခဲမရှိကြောင်း၊ မန္တလေးမြို့ ဗထူးကွင်း၌ နိုင်ငံတကာဘောလုံးပြိုင်ပွဲ ကျင်းပနိုင်ခြင်းမှာ အောင်မြင်မှုပင်ဖြစ် ကြောင်း၊ ဘောလုံးကွင်းကောင်း တစ်ကွင်းရှိလာ၍ ဝမ်းသာစရာပင်ဖြစ်ကြောင်း” ပြောကြားသည်။

ဥက္ကဋ္ဌ ဦးဇော်ဇော်က ဆက်လက်ပြောကြားရာ **“လာမည့်ပြိုင်ပွဲများ အတွက် မြန်မာ့လက်ရွေးစင်အသင်း နည်းပြ အပြောင်းအလဲလုပ်ရန် မရှိပါကြောင်း၊ မြန်မာ(ယူ-၂၃)အသင်းကို မြန်မာ့လက်ရွေးစင်နည်းပြကပဲ တာဝန်ယူမလား၊ လက်ရှိနည်းပြကပဲ ဆက်လက်တာဝန်ယူမည်လားဆိုသည်ကို မဆုံးဖြတ်ရသေးကြောင်း၊** အင်ဒိုနီးရှားအသင်းနှင့်ပတ်သက်၍ပြောရလျှင် မူလက မိမိတို့ ဖိတ်ကြားသည့်အခါ အင်ဒိုနီးရှားလက်ရွေးစင်အသင်း စေလွှတ်မည်ဟု အင်ဒိုနီးရှား ဘောလုံးအဖွဲ့ချုပ်က တရားဝင် အကြောင်းကြားစာ ပေးပို့ခဲ့ကြောင်း၊ မြန်မာနိုင်ငံသို့ ရောက်လာမှ (ယူ-၂၃)အသင်း ဖြစ်နေတာသိရကြောင်း၊ (ယူ-၂၃)အသင်းကို အကောင်းဆုံးအသင်းဟု သတ်မှတ်ပြီးစေလွှတ်ပါက သူတို့ကိစ္စသာဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ နှစ်သင်းဝင်ရောက်ယှဉ်ပြိုင်ခြင်းနှင့်ပတ်သက်၍ မိမိတို့ သဘော တစ်ခုတည်းဖြင့် လုပ်ဆောင်၍ မရကြောင်း၊ အားကစားဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် I.B.T.C ကုမ္ပဏီနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ **မြန်မာ နှစ်သင်း ဝင်ပြိုင်မည်ကို အင်ဒိုနီးရှားအသင်းနှင့် မလေးရှားအသင်းတို့ ကြိုတင်သိရှိထားကြကြောင်း၊ နောက်ဆုံးဗိုလ်လုပွဲ၌ နိုင်ငံခြားအသင်းနှင့် မပြိုင်ရတာက လွဲ၍ မိမိတို့လူငယ်များ ပြိုင်ပွဲအတွေ့အကြုံရရှိကြောင်း၊ ယခုပြိုင်ပွဲမှ နည်းပြပိုင်းရော၊ ကစားသမားအပိုင်းပါ ထိုက်သင့်သည့် အတွေ့အကြုံရရှိကြောင်း”** ပြောကြားသည်။

### ဦးဘန်နီတင်အောင်

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အတွင်းရေးမှူး ဦးဘန်နီ တင်အောင်က ပြောကြားရာ “အုပ်စုနောက်ဆုံးပွဲစဉ်ကို ပွဲစဉ်ပြောင်းလဲပေးရန် မလေးရှားအသင်းနည်းပြက မိမိအား ပုဂ္ဂိုလ်ရေးအရ လာရောက်ပြောဆိုမှု တော့ရှိပါကြောင်း၊ သို့သော်လည်း အာရှဘောလုံးအဖွဲ့ချုပ် (AFC) က အတည်ပြုပြီးသည့် ပွဲစဉ်ဖြစ်၍ ပြောင်းလဲ၍မရနိုင်ကြောင်း၊ နှစ်ပွဲကို တစ်ပြိုင်တည်းကျင်းပရန်မှာလည်း အားကစားကွင်းအခက်အခဲရှိကြောင်း၊ ရန်ကုန်မြို့၌ ကျင်းပခဲ့လျှင် အားကစားဝန်ကြီးဌာနမှ ခွင့်ပြုပါက နှစ်ကွင်းကစား၍ ဖြစ်နိုင်ကြောင်း၊ ပွဲစဉ်အား AFC သို့ တင်ပြပြီး သဘောတူညီချက်ရမှသာလျှင် ကျင်းပရခြင်းဖြစ်ကြောင်း” ပြောကြားသည်။

### ဦးတင်အောင်(ဂိုး)

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ပြိုင်ပွဲကျင်းပရေး တာဝန်ခံ ဦးတင်အောင် (ဂိုး)က ရှင်းလင်းပြောကြားရာ “ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ဒိုင်လူကြီး များ၏ လုပ်ဆောင်မှုအပေါ် စောဒကတက်ခြင်းများ မရှိပါကြောင်း၊ ဗိုလ်လုပွဲစဉ်၌ ဗီယက်နမ်ဒိုင်လူကြီးက အဝါကတ်၊ အနီကတ်များပြ၍ ပွဲထိန်းသွားသည်များ ကောင်းကြောင်း၊ မိမိတို့ကစားသမားများ ယခုကဲ့သို့အမှားမျိုး နိုင်ငံတကာ ပြိုင်ပွဲ၌ မကျူးလွန်မိအောင် ကြိုတင်အသိပေးရာရောက်ကြောင်း၊ မြန်မာနိုင်ငံမှ ဒိုင်လူကြီးများ၏ လုပ်ဆောင်ချက်များလည်း အားနည်းချက်အနည်းငယ်ရှိ သည်မှလွဲ၍ ကောင်းပါကြောင်း၊ **ပွဲသိမ်းခရာမှုတ်ချိန်နှင့်ပတ်သက်၍ ဒိုင်လူကြီး များလက်မှ နာရီဖြင့်သာ ဆုံးဖြတ်ခြင်းဖြစ်ကြောင်း”** ပြောကြားသည်။

### နှုတ်ခွန်းဆက်

သတင်းစာရှင်းလင်းပွဲအပြီး ည၈ နာရီတွင် ၂၀၀၆ ခုနှစ် ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဘောလုံးပြိုင်ပွဲ၌ သတင်းများရယူရန် မန္တလေး မြို့သို့ရောက်ရှိနေကြသော သတင်းနှင့်စာနယ်ဇင်းအဖွဲ့များအား မန္တလေးမြို့ရှိ Pacific Hotel Dinning Room ၌ Pacific Hotel ပိုင်ရှင် ဦးမောင်ဝင်း က နှုတ်ခွန်းဆက်စကားပြောကြားပြီး ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရေးသားပေးပို့လိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

**သတင်းဆောင်းပါး - ကိုထွေး**

# စီမံကိန်းတစ်ခုချင်းအလိုက် အချိန်မီပြီးစီးရေး ဆောင်ရွက် စက်ပစ္စည်းများစနစ်တကျတပ်ဆင်နိုင်ရေး ကြိုတင်စီစဉ် အလေအလွင့်နည်းပါးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရေးကြပ်မတ်

နေပြည်တော် ဒီဇင်ဘာ ၂၄

အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၂ရက် ညနေပိုင်းက ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေသို့ရောက်ရှိပြီး ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်း၏ Ware House အဆောက်အအုံ တည်ဆောက်ပြီးစီးမှုအခြေအနေကို လည်းကောင်း၊ မြေထိုးစက်၊ မြေကော်စက်ထုတ်လုပ်မှုစက်ရုံစီမံကိန်း အလုပ်ရုံအဆောက်အအုံများ၏ အောက်ခံဖောင်ဒေးရှင်းနှင့် ကွန်ကရစ်ကော်လံတိုင်များသွန်းလောင်းရန် ပြင်ဆင်ထားရှိမှုများကိုလည်းကောင်း၊ တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှု စက်ရုံစီမံကိန်းအတွက် မြေနေရာရွေးချယ်ထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

### ဆွေးနွေးမှာကြား

ယင်းနောက် ဝန်ကြီးက စီမံကိန်းတစ်ခုချင်းအလိုက် လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ စက်ပစ္စည်းများ ရောက်ရှိလာပါက စနစ်တကျ တပ်ဆင်နိုင်ရန်အတွက် လိုအပ်သည်များ ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိရေး၊ အလေအလွင့်နည်းပါးစေရန် ကြပ်မတ်ဆောင်ရွက်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်း အမှတ်(၆၆/၁)နေ ဒေါ်သက်သက်တင့်၊ သား ကိုတင်ထွန်းဦး-မဝေမွန်ဦး မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် တစ်သိန်း၊ ဝါးချက် ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် ငွေကျပ်ငါးသောင်း၊ ဆွမ်း၊ ရေ၊ ဆေးပစ္စည်းလေးပါး ပဒေသာပင်အတွက် ငွေကျပ်ငါးသောင်း စုစုပေါင်းနှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



**မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့်အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ် ကျောင်းတော်ကြီး ဆောက်လုပ်ရန် အတွက် အမှတ် (၂၆၇) လမ်း၄၀၊ ရန်ကုန်မြို့နေ မိဘနှစ်ပါးအား ရည်စူး၍ ဒေါ်လှလှသိန်းက အလှူငွေကျပ် တစ်သိန်းကို အကျိုးတော်ဆောင် မဟာသိမ်တော်ကြီး စာချနာယကဆရာတော် အရှင်ဂန္ဓသာရထံ လှူဒါန်းစဉ်။** (က-ပ)

# လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ရေး စက်များကြံ့ခိုင်ရေး အစဉ်အမြဲဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၄

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒီဇင်ဘာ၁၈ရက် နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် မှော်ဘီမြို့ မြောင်းတကာ ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိရာ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း) ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က တည်ဆောက်ပြီး ဓာတ်အားလိုင်းများ၊ တည်ဆောက်ဆဲဓာတ်အားလိုင်းများနှင့် တည်ဆောက်မည့် ဓာတ်အားလိုင်းအခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။**

ဆက်လက်၍ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ် ဦးထွန်းအေးက ၂၃၀ KV မြောင်းတကာ ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေများကိုလည်းကောင်း၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) စီမံကိန်းမန်နေဂျာ ဦးစောဝင်းမောင်က ၂၃၀ KV မြောင်းတကာဓာတ်အားခွဲရုံကို တောင်ငူဓာတ်အားလိုင်းမှ လက်ခံရရှိပြီး ၃၃ KV ဖီဒါရှစ်ခုဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့် တိုးချဲ့တည်ဆောက်ရန် လိုအပ်သည့် ဓာတ်အားခွဲရုံ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဓာတ်အားထုတ်လုပ်ရေး စက်ရုံများဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးညွန့်အောင်က ဓာတ်အားပေးစက်ရုံများ၏ သဘာဝဓာတ်ငွေ့ရရှိမှုနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ပိုမိုထုတ်လုပ်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း စက်များမောင်းနှင်မှု၊ အမှတ်(၃) ဘွိုင်လာအတွင်း ထည့်သွင်းအသုံးပြုရန် I.G.E ကုမ္ပဏီမှ တင်သွင်းရောက်ရှိလာသော မော်ကျူးအသစ်တစ်စုံ အရည်အသွေး စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ရေးအတွက် စက်များ ကြံ့ခိုင်ရေးကိုလည်း အစဉ်အမြဲဆောင်ရွက်စေလိုကြောင်း မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။





### ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဝန်ကြီးက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရာတွင် တိကျမှန်ကန်ရန်နှင့် လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်စေလိုကြောင်း မှာကြားပြီး ခွဲရုံအတွင်း၌ လည်းကောင်း၊ ဓာတ်အားလိုင်းအဝင်/အထွက် တည်ဆောက်ထားရှိမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အလုံမြို့နယ်ရှိ အလုံဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ ရန်ကုန်မြို့တော် ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ရေးအတွက် စက်များ ကြံ့ခိုင်ရေးကိုလည်း အစဉ်အမြဲဆောင်ရွက်စေလိုကြောင်း မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ် ကြည့်မြင်တိုင်ဘူတာ၌ ရွှေလီ-မန်စံ၂၃၀ KV မဟာဓာတ်အားလိုင်း Twin Bundie Double Circuit အမျိုးအစားဖြင့် တည်ဆောက်မည့် တာဝါတိုင်များ၌ အသုံးပြုမည့် ဆက်စပ်ပစ္စည်းများ မီးရထားဖြင့် တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** ပစ္စည်းများချွတ်ယွင်းပျက်စီးမှုမရှိစေဘဲ လုပ်ငန်းခွင်ရောက်ရှိရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အောင်စကြာအရှင်စန္ဒသိရီတရားပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၄

သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ရိပ်သာကြီး၏ ပြည်တွင်း၊ပြည်ပ သာသနာပြုနယ်လှည့်ဓမ္မကထိကအောင်စကြာ အရှင်စန္ဒသိရီ(ဓမ္မာစရိယ)သည် ဒီဇင်ဘာ ၂၉ ရက်တွင် ကန်ထရိုက်တာ ဦးတင်လှိုင်နှင့်သားများ ဆောက်လုပ်ရေး အလှူမင်္ဂလာဓမ္မသဘင်၊ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ပဲခူးမြို့ မြို့လယ် ဓမ္မာရုံကြီးဓမ္မသဘင်၊ ၃၊၄၊၅ ရက်များတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)၃၂ရပ်ကွက် သာသနဇောတိက ပရိယတ္တိ စာသင်တိုက် ဓမ္မသဘင်၊ ၆ ရက်တွင် ကြည့်မြင်တိုင် ပန်းပင်ကြီးလမ်း အောင်တော်မူဆုတောင်းပြည့် ဘုရားငါးဆူတန်ဆောင်းတော်ကြီး ဓမ္မသဘင်၊ ၇ ရက်တွင် သာကေတမြို့နယ် ၃/ရန်ပြေ သာသနဟိတဓမ္မာရုံဆွမ်းအောင်ပွဲ ဓမ္မသဘင်၊ ၁၀၊ ၁၁၊ ၁၂ရက်များတွင် ဖျာပုံခရိုင် အမာမြို့ ကဒုံကနီကျေးရွာ ဓမ္မသဘင်၊ ၁၄ ရက်တွင် သာကေတမြို့နယ် (၅)ရပ်ကွက် သုမနဓမ္မဗိမာန် မလွန်ဆန်လှူအသင်းထောက် ဓမ္မသဘင်၊ ၁၅ရက်တွင် တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက်လုံးဆိုင်ရာမလွန်ဆန်လှူအသင်းထောက် ဓမ္မသဘင်၊ ၂၀ ရက်တွင် ဘုရားဖြူ ဝိနည်းစာတော်ပြန်ပွဲ (၇၅)နှစ်မြောက် စိန်ရတုဓမ္မသဘင်၊ ၂၁ ရက်တွင် သာကေတမြို့နယ် (၄)ရပ်ကွက် ဆုတောင်းပြည့်မြစေတီပွဲတော် ဓမ္မသဘင်၊ ၂၄ရက်တွင် တာမွေမြို့နယ် သီတာလူငယ် ဆွမ်းလောင်းအသင်း(၅၁)နှစ်မြောက်ဆွမ်းအောင်ပွဲ ဓမ္မသဘင်တို့၌ သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**



# မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ဇီးကုန်းကျေးရွာတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီအောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးခင်မောင်သန်း၊ ဇီးကုန်းကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မီးဘေးလုံခြုံရေးအတွက် ဈေးအတွင်း စစ်ဆေးဆောင်ရွက်ပြီး ကျေးရွာအဝင်လမ်း မီးသတ်ယာဉ်များ ဝင်ထွက်မှု လွယ်ကူရေးအတွက် ဒီဇင်ဘာ ၂၀ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(အပေါ်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**

# ရဲချုပ်ဒိုင်း ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ မန္တလေးတိုင်းက မကွေးတိုင်းကို အနိုင်ရဗိုလ်စွဲ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

(၄၂)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဒိုင်း ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဒီဇင်ဘာ ၂၁ ရက် ညနေ၃နာရီက ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ ကျင်းပသည်။

နောက်ဆုံးဗိုလ်လုပွဲအဖြစ်မန္တလေးတိုင်း ရဲတပ်ဖွဲ့အသင်းနှင့် မကွေးတိုင်း ရဲတပ်ဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားရာ မန္တလေးတိုင်း ရဲတပ်ဖွဲ့အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ညွှန်ကြားရေးမှူး(စီမံ/လေ့ကျင့်)ရဲမှူးကြီး ဝင်းခေါင်က အကောင်းဆုံး ဂိုးသမားဆုရ အောင်မိုးဝင်း (မန္တလေးတိုင်း ရဲတပ်ဖွဲ့)၊ အကောင်းဆုံးနောက်တန်းဆုရ မင်းသော်မောင် (မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်)၊ အလယ်တန်း အကောင်းဆုံးဆုရ နေလင်းအောင် (မကွေးတိုင်း ရဲတပ်ဖွဲ့)နှင့် ရှေ့တန်း အကောင်းဆုံးဆုရ အောင်ကိုကိုလတ် (မန္တလေးတိုင်း ရဲတပ်ဖွဲ့)တို့အား ငွေကျပ်တစ်သောင်းခွဲစီ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရထားရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအုန်းမြင့်က ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဆုရရှိသော သူရိန်ဝင်း (မန္တလေးတိုင်း ရဲတပ်ဖွဲ့)အား ဆုတံဆိပ်နှင့် ငွေကျပ် နှစ်သောင်းကို လည်းကောင်း၊ သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်သိန်းက ဒုတိယဆုရရှိသော မကွေးတိုင်းရဲတပ်ဖွဲ့အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်နှစ်သိန်းကို လည်းကောင်း၊ ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုးက ပထမရရှိသော မန္တလေးတိုင်း ရဲတပ်ဖွဲ့အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်သုံးသိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ဗဟိုအားကစားကော်မတီ အတွင်းရေးမှူးရဲရေးချုပ် ရဲမှူးချုပ်စိုးဝင်းမြင့်က ပထမရရှိသော မန္တလေးတိုင်း ရဲတပ်ဖွဲ့အသင်းအား ဆင့်ပွားဒိုင်းနှင့် တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

# အိုင်စီတီပြပွဲ ဈေးပွဲတော် ( ၂၀၀၆ ) အထူးစည်ကား လေ့လာစရာ၊ မှတ်သားစရာများသည့် နည်းပညာပွဲတော်ကြီးဖြစ်

**သတင်းမြင်ကွင်း – မြင့်မောင်စိုး၊ ဓာတ်ပုံ – တင်စိုး ( မြန်မာ့အလင်း )**



ဟသ်ာတမြို့ အလက(၃)မှ ကျောင်းဝက်ဘ်ဆိုက်အတွက် လာရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်။ **မောင်ရဲလွင်ဖြိုး အလက(၃) ဟသ်ာတမြို့**
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၂၄

**မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းတို့ ပူးပေါင်း၍ တတိယအကြိမ် ပညာရေးအထောက်အကူပြု ပရော့ဂျက်ပြိုင်ပွဲနှင့် အိုင်စီတီပြပွဲ ဈေးပွဲတော်(၂၀၀၆)ကို မြန်မာအင်ဖိုတက်(လှိုင်တက္ကသိုလ်နယ်မြေ)၌ ဒုတိယမြောက်နေ့အဖြစ် ယနေ့ဆက်လက်ကျင်းပသည်။**

အဆိုပါဈေးပွဲတော်တွင် တတိယအကြိမ် ပညာရေးအထောက်အကူပြု ပရော့ဂျက်ပြိုင်ပွဲနှင့်စပ်လျဉ်း၍ မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်မေးမြန်းခဲ့သည်။



အင်တာနက်၊ ဝက်ဘ်ဆိုက်နှင့် အိုင်တီနည်းပညာများ အထူးသင်ကြားပေးနေပါတယ်။ **မချိုမာအေး (သင်တန်းတာဝန်ခံ)**
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

## တတိယအကြိမ်

ရှေးဦးစွာ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ဆရာမကြီး ဒေါ်ခင်စန်းရီက ပြောကြားရာတွင် “ပညာရေးအထောက်အကူပြု ပရော့ဂျက်ပြိုင်ပွဲနှင့် ကျောင်းဝက်ဘ်ဆိုက်( School Website)ပြိုင်ပွဲကို ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင်အသင်းက ကြီးမှူး၍ တတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း၊ အခြေခံပညာဦးစီးဌာန အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃)တို့ရှိ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများက ယှဉ်ပြိုင်ကြခြင်းဖြစ်ကြောင်း” မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသည်။

ယင်းပြိုင်ပွဲတွင် အခြေခံပညာဦးစီးဌာန အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ် (၃)တို့မှ ဆန်ခါတင်ရွေးချယ်ပေးလိုက်သည့် ဆရာ ဆရာမ၊ ကျောင်းသူ ကျောင်းသားများထဲမှ အခြေခံပညာအလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်တွင် တစ်ဦး၊ အခြေခံပညာအထက်တန်းအဆင့်တွင် တစ်ဦး၊ ဆရာ ဆရာမ ပညာရေးဝန်ထမ်းများအဆင့် တစ်ဦးတို့ကို ရွေးချယ်ပြီး အကောင်းဆုံး ဆုများကို ဒီဇင်ဘာ ၂၅ရက်တွင် ယင်းမြန်မာအင်ဖိုတက်ရှိ Conference Hall၌ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ၎င်းကမြန်မာ့အလင်းသို့ ပြောကြားသည်။

## ပရော့ဂျက်ပြိုင်ပွဲ

ယင်းပညာရေး အထောက်အကူပြု ပရော့ဂျက်ပြိုင်ပွဲသည် ပြဋ္ဌာန်းကျောင်းသင်ခန်းစာများမှ ပရော့ဂျက်အဖြစ်ပြုလုပ်၍ စီဒီနှင့် စာရွက်စာတမ်းများကိုပါ ပူးတွဲတင်ပြပြီး ယှဉ်ပြိုင်ခြင်းဖြစ်သည်။

ကျောင်းဝက်ဘ်ဆိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် ကျောင်းများ၏ သမိုင်းကြောင်း၊ ရာဇဝင်၊ ဖွဲ့စည်းပုံတို့နှင့် စပ်လျဉ်း၍ ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

## စည်ကားများပြား

တတိယအကြိမ် ပညာရေးအထောက်အကူပြု ပရော့ဂျက်ပြိုင်ပွဲနှင့်အတူ အိုင်စီတီပြပွဲ ဈေးပွဲတော်(၂၀၀၆) ကိုလည်း အဆိုပါ မြန်မာအင်ဖိုတက် ဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာဖြင့် ခင်းကျင်းပြသရောင်းချလျက်ရှိသည်။ ကျောင်းသားကျောင်းသူများ၊ ကွန်ပျူတာ နည်းပညာလေ့လာနေသူများ၊ စီးပွားရေး လုပ်ငန်းရှင်များဖြင့် တိုးမပေါက်အောင်စည်ကားများပြားလျက်ရှိသည်။



ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ ပရော့ဂျက်ပြိုင်ပွဲအတွက် လာရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်။ **မကြည်လဲ့ယဉ်ဆွေ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း**
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

အဆိုပါ အိုင်စီတီပြပွဲ ဈေးပွဲတော်တွင် ကွန်ပျူတာ အမှတ်တံဆိပ်အမျိုးမျိုး၊ လက်တော့ပ်ကွန်ပျူတာများ၊ Motherboards များ၊ အစည်းအဝေးတစ်ခန်းနှင့်တစ်ခန်း ချိတ်ဆက်အသုံးပြုနိုင်သော Video Conferencing များ၊ ဆက်သွယ်ရေးပစ္စည်းအမျိုးမျိုး၊ မီဒီယာ အသုံးပြုပစ္စည်း အမျိုးမျိုး၊ ပရင်တာအမျိုးမျိုးတို့ကို စုံလင်စွာ ပြသထားသည်။



Samsung ကွန်ပျူတာပစ္စည်းအမျိုးမျိုးကို အာမခံဖြင့် ရောင်းချပေးနေပါတယ်။ **မခင်သန္တာ (အရောင်းတာဝန်ခံ)**
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

## ဆမ်ဆောင်းတံဆိပ်

ထိုသို့ လာရောက်ပြသရောင်းချသော အရောင်းဆိုင်အချို့ကို မြန်မာ့အလင်းအဖွဲ့က မေးမြန်းကြည့်ရာ ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးလမ်း အမှတ် ၂၃ရှိ Cystem Computer Saled & Service Centre မှ မခင်သန္တာက ပြောကြားရာတွင် “ Cystem Computer Centre အနေဖြင့် အိုင်စီတီပြပွဲ ဈေးပွဲတော်တွင် ဆမ်ဆောင်း အမှတ်တံဆိပ် ကွန်ပျူတာများကို ရောင်းချပေးနေကြောင်း၊ ၂၀၀၇ခုနှစ် နှစ်သစ်အကြို အရောင်းမြှင့်တင်ရေးအတွက်လည်း ဆောင်ရွက်ထားကြောင်း၊ Samsung အမှတ်တံဆိပ်များဖြစ်သည့် CRT Monitor နှစ်မျိုးဖြစ်သော ၁၅လက်မနှင့် ၁၇လက်မ အရွယ်အစား၊ LCD Monitor နှစ်မျိုးဖြစ်သည့် ၁၅လက်မ အရွယ်အစားနှင့် ၁၇လက်မ အရွယ်အစား၊ 1610 Laser ပရင်တာများ ပြသရောင်းချကြောင်း၊ ယင်းပစ္စည်းများ ဝယ်ယူလျှင် အလှူမီနီယံဓာတ်ဘူး၊ Samsung Mouses၊ Lucky Draw ကူပွန်များပေးကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။ ဆုမဲများ ပေါက်လျှင် ဆမ်ဆောင်းတီဗွီ၊ ဒီဂျစ်တယ်ကင်မရာနှင့် MP 3 Player များကို ဆုအဖြစ် ထိုက်တန်စွာ ပေးမည်ဖြစ်ကြောင်း၊ အရောင်းမြှင့်တင်ရေးကာလမှာ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၃၁ရက်အထိဖြစ်ကြောင်း၊ Samsung Monitor နှင့် Printer များကို အရည်အသွေး စိတ်ချရပြီး ခိုင်မာသော Warrenty ဖြင့် ရောင်းချပေးကြောင်းဖြင့်လည်း ၎င်းက ရှင်းပြသည်။

တစ်ဖန် ကွန်ပျူတာနည်းပညာများ ဖြန့်ဝေသင်ကြားပေးနေသော Myanmar WWW Institute မှ သင်တန်းတာဝန်ခံ မချိုမာအေးကလည်း မြန်မာအိုင်စီတီပတ်ခ် အဆောက်အအုံ၅၊ အခန်း၄တွင် ကွန်ပျူတာနည်းပညာ လေ့လာသင်ယူနေသော လူငယ်လူရွယ်များအား အင်တာနက်နှင့် Web နည်းပညာများကို အခြေခံအဆင့်မှ အသက်မွေးဝမ်းကျောင်းပြုလုပ်ငန်းခွင်ဝင်နိုင်သည်အထိ အထူးပြုစုစည်းသင်ကြားပေးနေကြောင်း၊ ကွန်ပျူတာ အခြေခံမရှိသူများအတွက် IT Essentials Course မှ စတင် တက်ရောက်နိုင်ပြီး ကွန်ပျူတာတစ်လုံးဖွဲ့စည်းတည်ဆောက်ပုံ၊ စာစီ စာရိုက်၊ အင်တာနက်၊ အီးမေးလ်၊ ဂရပ်ဖစ်အခြေခံ၊ Web Page ရေးနည်းအခြေခံတို့ကို သင်ကြားပေးလျက်ရှိကြောင်း ပဏာမ ရှင်းလင်းပြောကြားသည်။

## အထူးနှုန်း

ထို့အပြင် ဝက်ဘ်ဒီဇိုင်း စိတ်ဝင်စားသူများအတွက် Web Essentials Course၊ Java ပရိုဂရမ်စိတ်ဝင်စားသူများအတွက် Certified Java Programmer၊ Certified Java Web Developer Course၊ Networking စိတ်ဝင်စားသူများအတွက် Certified Web Administrator၊ ဂရပ်ဖစ်ဒီဇိုင်နာ ဖြစ်လိုသူများ အတွက် Professional Multi - Designer Course စသော သင်တန်းများကို ကွန်ပျူတာမဟာဘွဲ့ရ ဆရာ ဆရာမများက အင်တာနက်တပ်ဆင်ထားသော စက်တစ်လုံးစီဖြင့် သင်ကြားပေးလျက်ရှိကြောင်း၊ ပြပွဲကာလအတွင်း သင်တန်းအပ်နှံပါက ကျောင်းသားအားလုံးအတွက် အထူးနှုန်းဖြင့် လက်ခံပေးကြောင်းဖြင့်လည်း ၎င်းက ဆက်လက်ရှင်းပြသည်။

## နည်းပညာပွဲတော်ကြီး

သို့ဖြစ်၍ အိုင်စီတီပြပွဲ ဈေးပွဲတော်(၂၀၀၆)သည် ကွန်ပျူတာ နည်းပညာ လေ့လာနေသူများ၊ ကွန်ပျူတာနည်းပညာအသုံးချ လုပ်ငန်းဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းရှင်များ၊ ကွန်ပျူတာနည်းပညာ လေ့လာနေသော ကျောင်းသား ကျောင်းသူများအတွက် လေ့လာစရာ၊ မှတ်သားစရာ၊ သင်ယူစရာများဖြင့် များပြားလှသော နည်းပညာပွဲတော်ကြီး ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

**ဒီဇင်ဘာ ၂၃ရက်က သဃ်န်းကျွန်း ပညာရေးကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပရာ ဆဋ္ဌမတန်းမှ ထူးချွန်ထက်မြက်ဆုရ မောင်ဝင်းထက်အား တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်အေးက ဆုချီးမြှင့်စဉ်။**
(က–ပ)





**ဒဂုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ဒီဇင်ဘာ ၁၈ ရက်က ဒဂုံမြို့နယ် အထက (၃) ခန်းမတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ကျင်းပရာ ခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဦးတင်ကိုက ‘စိတ်ကိုဖြူအောင်ထား’ ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။**
(ခရိုင် ပြန်/ဆက်)

# ကမ္ဘာတစ်လွှား အားကစား

## ကားလင်းဖလားပိုလ်စွဲနိုင်ရန် တော့တင်ဟမ်တိုက်စစ်မှူး ယုံကြည်

**ရေးသားတင်ပြသူ-မောင်မောင်မြင့်ဆွေ**

လန်ဒန် ဒီဇင်ဘာ ၂၄

**တော့တင်ဟမ်အသင်းသည် ကားလင်းဖလားအောင်ပွဲခံနိုင်ရန် ယုံကြည်ထားကြောင်း အီဂျစ်တိုက်စစ်မှူးမီဒိုက အနိုင်အမာ ပြောကြားလိုက်သည်။**



တော့တင်ဟမ် တိုက်စစ်မှူး မီဒို။

အသက် (၂၃)နှစ်ရှိ အဆိုပါ တော့တင်ဟမ် တိုက်စစ်မှူးသည် တော့တင်ဟမ်က ဆောက်အင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ရာတွင် အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့သည်။ ၎င်းသည် ဂျာမိန်းဒီဖိုး အနိုင်ဂိုးသွင်းနိုင်အောင် အကွက်ဆင်ပေးခဲ့သူဖြစ်သည်။

မီဒိုက ဗိုလ်လုပွဲတွင် ချယ်လ်ဆီးနှင့် တွေ့လိုသည်ဟု ဆိုသည်။ အကြောင်းမှာ ၎င်း၏ အာဖရိကတိုက်သားများဖြစ်ကြသည့် ဒရော့ဘာနှင့် မိုက်ကယ်အက်ဆီယန်တို့နှင့် တွေ့ဆုံလိုသည်ဟု ဆိုသည်။

### ပြောကြား

ချယ်လ်ဆီးအသင်းဟာ တကယ့်အသင်းကြီး တစ်သင်းပါ၊ ဒါပေမယ့် ဒီနှစ်ရာသီမှာ ကျွန်တော်တို့အသင်းကို ရှုံးခဲ့တယ်ဟု မီဒိုက ပြောကြားသည်။

တော့တင်ဟမ်အသင်းသည် ယခုနှစ်ပရီမီယာလိဂ်တွင် ချယ်လ်ဆီးကို အနိုင်ရခဲ့သည့် အသင်းနှစ်သင်းတွင် တစ်သင်းအပါအဝင်ဖြစ်သည်။

### ယုံကြည်

တော့တင်ဟမ်အသင်းအနေဖြင့် ချယ်လ်ဆီးကို အနိုင်ရလိုက်သည့် နှစ်ဂိုး-တစ်ဂိုးရလဒ်ဖြင့် တစ်ဖန်ထပ်ကျော့နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း မီဒိုက ပြောကြားသည်။

**(အင်တာနက်)**

## ကာမာရာ ဒဏ်ရာရထားသဖြင့် ဝီဂန်အသင်းကို ထိခိုက်

လန်ဒန် ဒီဇင်ဘာ ၂၄

**ဝီဂန်အသင်းမှ ထိပ်တန်းဂိုးသွင်းသမား ကာမာရာသည် ဒဏ်ရာရထားမှုကြောင့် ပါဝင်ကစားနိုင်မည် မဟုတ်ပေ။**



ဒဏ်ရာရနေသော ကာမာရာ။

### သုံးပွဲအပိတ်ခံရ

ကာမာရာသည် ဒူးခေါင်း အမာရွတ်ဒဏ်ရာရသွား၍ ခြောက်ပတ် အနားယူရမည်ဖြစ်သည်။ ထိုအတောအတွင်း မက်ကူလော့လည်း သုံးပွဲ အပိတ်ခံထားရသည်။

### ပြန်ခေါ်ထား

တိုဒိုရော့ဗ်နှင့် ဟက်စကီးတို့လောက်သာ ဝီဂန်ရှေ့တန်းတွင် ရှိမည်ဖြစ်သည်။ ပေါလ်စချာနာလည်း ဒဏ်ရာရနေသဖြင့် အငှားချထားသော ကွင်းလယ်ကစားသမားတိုမက်ဇ်ကို အိုးဟမ်းအသင်းမှ ပြန်ခေါ်ထားသည်။

မန်နေဂျာ ပေါလ်ဂျေဝဲလ်က ဇန်နဝါရီလ အပြောင်းအရွှေ့ရာသီ တံခါးပိတ်ချိန်တွင် အသင်းကို တောင့်တင်းခိုင်မာအောင် လုပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

**(အင်တာနက်)**

## ရှက်ဖီးအသင်းကို တောင့်တင်းအောင် လုပ်မည်



ရှက်ဖီးအသင်း နည်းပြ ဝါနော့။

**လန်ဒန် ဒီဇင်ဘာ ၂၄**

ရှက်ဖီးယူနိုက်တက်အသင်း နည်းပြ နေးလ်ဝါနော့သည် ဇန်နဝါရီလ အပြောင်းအရွှေ့ရာသီတွင် ငွေကြေးများစွာ အသုံးချ၍ အသင်းတောင့်တင်းအောင် လုပ်လိမ့်မည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ကီဗင်မက်ကာဘေးက ပြောကြားလိုက်သည်။

### အားဖြည့်နိုင်မည်

ဝါနော့သည် ကျန်ရှိနေသည့် ပြောင်းရွှေ့ရေးရန်ပုံငွေပေါင်နှစ်သန်းနှင့် ဈေးငွေပေါင် ငါးသန်းတို့ကို သုံးစွဲ၍ ကစားသမားသစ်များ ခေါ်ယူအားဖြည့်နိုင်မည်ဖြစ်သည်။

### ငွေကြေးအလုံအလောက်ထားရှိ

မိမိတို့အသင်းတွင် ငွေကြေးအလုံအလောက်ရှိထားကြောင်း၊ ကစားသမားသစ်များ ခေါ်ယူရေး ခွဲဝေသုံးစွဲသွားမည်ဖြစ်ကြောင်း မက်ကာဘေးက ပြောကြားသည်။

အဆိုပါ အပြောင်းအရွှေ့ ရာသီတွင် ရှက်ဖီးအသင်း ပြုပြင်ပြောင်းလဲလာနိုင်သည်။ အလုံးစုံ တောင့်တင်းမှုမရှိသော်လည်း အထိုက်အလျောက် တောင့်တင်းခိုင်မာလာဖွယ်ရှိသည်။

**(အင်တာနက်)**

## စီးရီးအေ၌ အင်တာမီလန်တို့ ရှုံးပွဲမရှိစံချိန်ထိန်းထား

**စုစည်းတင်ပြသူ မြင့်မောင်စိုး**

ရောမ ဒီဇင်ဘာ ၂၄

အီတလီစီးရီးအေတွင် ပွဲစဉ်(၁၈) ဘောလုံးပြိုင်ပွဲများကို ဒီဇင်ဘာ ၂၃ရက်ညပိုင်း ယှဉ်ပြိုင်ကစားခဲ့ရာ အမှတ်ပေးဇယားတွင် ဦးဆောင်နေသော အင်တာမီလန်တို့ အိမ်ကွင်း၌ အတ္တလန္တာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။



**အင်တာမီလန် အသင်းအတွက် ချေပဂိုး သွင်းယူပေးခဲ့သည့် တိုက်စစ်မှူး အက်ဒရီယာနို၏ ထိုးဖောက်ကစားဟန်။**

(အင်တာနက်)

အင်တာမီလန်တို့ အိမ်ကွင်းအားသာချက်ဖြင့် အတ္တလန္တာကို ယှဉ်ပြိုင်ကစားခဲ့ရသော်လည်း ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ခဲ့ကြပေ။

### လက်ဆောင်ဂိုး

ဒုတိယပိုင်း ပြန်စချိန်တွင် အင်တာမီလန်တို့ တိုက်စစ်အား အရှိန်မြှင့်ကစားခဲ့ရာ ပွဲချိန် ၆၅မိနစ်တွင် အက်ဒရီယာနိုက အင်တာမီလန်တွက် ဖွင့်ဆော်ဦးဂိုး သွင်းယူပေးခဲ့သည်။ သို့ရာတွင် အင်တာမီလန်တို့ ဒုတိယသွင်းယူသောဂိုးမှာ စလိုရီယာက ကိုယ့်ဂိုးကိုယ်ပြန်သွင်းပြီး လက်ဆောင်ဂိုး ပေးခဲ့သည်။

### အနိုင်ရ

အတ္တလန္တာတို့ ယင်းပွဲစဉ်တွင် ရှုံးနိမ့်ခဲ့သော်လည်း ပွဲချိန် ၁၇ မိနစ်တွင် ဦးဆောင်ဂိုးသွင်းပြီး ပထမပိုင်းတွင် အနိုင်ရခဲ့သည်။

ခြေစွမ်းပုံမှန်ရှိသော အင်တာမီလန်တို့ ဒုတိယပိုင်းတွင် စနစ်တကျတိုက်စစ်အတွဲများဖြင့် ထိုးဖောက်နိုင်ခဲ့မှုကြောင့် ဒုတိယပိုင်း၌ ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည်။

အင်တာမီလန်အသင်းသည် စီးရီးအေတွင် ၁၈ ပွဲကစား ၁၅ ပွဲနိုင်သည်။ သုံးပွဲသရေဖြင့် ရမှတ် ၄၈ မှတ်ရရှိကာ ဆက်လက် ဦးဆောင်လျက်ရှိသည်။

### ရိုးမားနိုင်

အီတလီစီးရီးအေတွင် အင်တာမီလန်ပြီးလျှင် ရိုးမားအသင်းသည် ဒုတိယမြောက် ခြေစွမ်းအကောင်းဆုံးအသင်းဖြစ်နေသည်။ ရိုးမားတို့ ထိုနေ့က ကာဂရီယာရီအသင်းကို အိမ်ကွင်း၌နှစ်ဂိုး-ဂိုးမရှိသွင်းပြီး ထိပ်ဆုံးမှ အင်တာမီလန်အသင်းနောက်မှ ထပ်ကြပ်မကွာ ကပ်လိုက်နေသည်။

ရိုးမားတို့ ပွဲစလျှင်စချင်း ခြေစွမ်းပြနိုင်မှုကြောင့် ပွဲစပြီးငါးမိနစ်မပြည့်ခင် တက်ဒီက ဖွင့်ဆော်ဦးဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ယင်းဂိုးဖြင့် ရိုးမားတို့ အိမ်ကွင်း၌ ကာဂရီယာရီအသင်းကို ထိန်းချုပ်ကစားသွားနိုင်ခဲ့သည်။

ဒုတိယပိုင်း ပြန်စပြီးနောက် ရိုးမားတို့ ထပ်ဆင့်ဂိုးများ သွင်းယူနိုင်ရန် ကြိုးစားခဲ့ပြန်သည်။ သို့သော်လည်း ရံဖန်ရံခါတွင် ကာဂရီယာရီ တိုက်စစ်မှူးများ၏ တိုက်စစ်အရှိန်ကို ရိုးမားနောက်တန်းလူများ ပိတ်ဆို့ကစားခဲ့ရသည်။ ပွဲချိန် ၅၆ မိနစ်တွင် မာစီနီက ရိုးမားအသင်းအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူပေးခဲ့ပြန်သည်။ ပွဲအပြီး ရိုးမားတို့ နှစ်ဂိုး-ဂိုးမရှိဖြင့် အောင်ပွဲခံနိုင်ခဲ့သည်။ ရိုးမားအသင်းသည် ယခုနှစ် စီးရီးအေရာသီတွင် ၁၈ ပွဲ ကစား ၁၃ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးပြီး ရမှတ် ၄၁ မှတ်ဖြင့် ဒုတိယနေရာမှ ဦးဆောင်လျက်ရှိသည်။

စီးရီးအေတွင် လုပ်ပွဲကစားခဲ့ရာ အမှတ်လျှော့ အပြစ်ပေးခံထားရသော လာဇီယိုအသင်းသည် ပါးမားကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး အမှတ်ပေးဇယား နံပါတ် ၅ နေရာသို့ တက်လာသည်။ သို့သော်လည်း လာဇီယိုသည် သုံးမှတ်သာ အလျှော့ခံရသည်။



**ရိုးမားမှ မွန်တဲလ်လား** (ဝဲ)**နှင့် ကာဂရီယာရီမှ ပီဇာနိုတို့ ဤသို့ ခေါင်းခုန်တိုက် ယှဉ်ပြိုင်ကစားခဲ့ကြသည်။**

(အင်တာနက်)

နာမည်ကြီး အေစီမီလန်တို့လည်း ထိုနေ့က အူဒီးနိစ်ကို သုံးဂိုးပြတ်ဖြင့် အနိုင်ရသည်။ သို့သော်လည်း ရှစ်မှတ်အလျှော့ခံထားရ၍ အမှတ်ပေးဇယားနံပတ် ၁၂ တွင် ရှိနေသည်။ ထို့အတူ ၁၅ မှတ်အလျှော့ခံရသည့် ဖီအိုရင်တီးနားတို့ နံပါတ် ၁၄ နေရာ၌ ရှိနေသည်။

အီတလီစီးရီးအေတွင် ယခုနှစ်ရာသီ၌ အင်တာမီလန်၊ ရိုးမားနှင့် ပါးမားတို့သည် အဓိကထိပ်တန်း ပြိုင်ဘက်အသင်းများဖြစ်နေသည်။

ပါလာမိုအသင်းသည် ထိုနေ့က ဆီနာအသင်းကို တစ်ဂိုး-တစ်ဂိုး သရေပွဲအဖြစ်သာ ကစားနိုင်ခဲ့သည်။

**(အင်တာနက်)**

# မိတ္ထီလာကန်အတွင်းသို့ ရေကူရေဖြည့်ရေးလုပ်ငန်းများ ရာနှုန်းပြည့်နီးပါးပြီးစီး ရည်မှန်းထားသည့် စိုက်ပျိုးမြေကေများသို့ ရေတိုးမြှင့်ပေးဝေနိုင်ရေး အလေးထား ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံတော်၏လူမှုစီးပွားရေးတစ်ရပ်လုံး ပိုမိုဖွံ့ဖြိုးတိုးတက်ရေး များစွာအထောက်အကူပြုမည့် အကြီးစားစီမံကိန်းတစ်ခုဖြစ် လုပ်ငန်းများ အကောင်အထည်ဖော်ရာ၌ သေသေသပ်သပ်ဖြင့် အမြန်ပြီးစီးအောင်ဆောင်ရွက်





နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မန္တလေးတိုင်းခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဒီဇင်ဘာ ၂၂ ရက် နံနက် ၇ နာရီခွဲတွင် ပြင်ဦးလွင်မြို့မှ မိတ္ထီလာမြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိသည်။

*စာမျက်နှာ ၈ ကော်လံ ၁*



## ရေဝေတီ တံတား (ရတနာပုံ)

ဒီဇင်ဘာ ၂၃ ရက်က ရေဝေတီတံတား(ရတနာပုံ) တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

(သတင်း–ရွှေဖုံး)

(သတင်းစဉ်)